## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး
## ဒသမနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် )

[ အင်္ဂါနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမ အကြိမ် အမျိုးသား လွှတ်တော် နဝမပုံမှန် အစည်းအဝေး ဒသမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၅.၄၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံ တစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း**

**အချိန်။ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ စာရင်းများကို ဖတ်ကြားတင်ပြပါ့မယ်။

ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြတ်ကို၊ စစ်ကိုင်း (၁၂) ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမြင့်၊ မကွေး(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြအုန်း၊ ကချင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဟာရှိမ်းဘွေ၊ ချင်း(၈)၊ ကျန်းမာရေး။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ကျန်းမာရေး။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကျန်းမာရေး။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကျန်းမာရေး။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ မိခင်ကျန်းမာရေး။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော် က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင် က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၉)ဦး၊ ယနေ့ ခွင့်ပန်ကြား

သဖြင့် ခွင့်ပြုထားသူ(၁၅)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**နမ့်ဖူးချောင်းရေ ကောင်းမွန်စွာ နဂိုအတိုင်းစီးဆင်းနိုင်ရန် ချောင်းတစ်လျှောက် လိုအပ်သည့်နေရာတွင် သဲတူးထုတ်ခြင်း၊ နမ့်ဖူးချောင်းကူးတံတား ပြန်လည် တည်ဆောက်ပေးခြင်း၊ သဲဖုံးလွှမ်းနေသော လယ်များ လယ်ပြန်စိုက်နိုင်ရန် အကူအညီပေးခြင်း၊ ချောင်းတွင်းသို့ မြေများထပ်မံမပြိုကျရန် ထိန်းသိမ်းခြင်း၊ သစ်ပင်များမခုတ်ရန် တားမြစ်ခြင်း စသည့် လုပ်ငန်းများ ဆက်လက်လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် က နမ့်ဖူးချောင်းရေကောင်းမွန်စွာ နဂိုအတိုင်း စီးဆင်းနိုင်ရန် ချောင်းတစ်လျှောက် လိုအပ်သည့်နေရာ တွင် သဲတူးထုတ်ခြင်း၊ နမ့်ဖူးချောင်း ကူးတံတား ပြန်လည် တည်ဆောက်ပေးခြင်း၊ သဲဖုံးလွှမ်းနေသော လယ်များ လယ် ပြန်စိုက်နိုင်ရန် အကူအညီပေးခြင်း၊ ချောင်းတွင်းသို့ မြေများထပ်မံမပြိုကျရန် ထိန်းသိမ်း ခြင်း၊ သစ်ပင်များမခုတ်ရန် တားမြစ်ခြင်းစသည့် လုပ်ငန်းများ ဆက်လက်လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်

များကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျော်ဆမ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် ဒီကနေ့မေးမယ့် မေးခွန်းကတော့ ယမန်နှစ်က ကျိုင်းတုံမြို့နယ်မှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့တဲ့ အတွက်ကြောင့် နမ့်ဖူးချောင်းမှာ သဲနုန်းများ ပြည့်နေတဲ့အတွက်ကြောင့် ဒီသဲနုန်းများကို ပြန်လည်တူးထုတ်တဲ့ အစီအစဉ်၊ ပျက်စီးသွားတဲ့ နမ့်ဖူးချောင်းတံတားကို ပြန်လည် တည်ဆောက်ပေးတဲ့ အစီအစဉ်၊ သဲဖုံးလွှမ်းနေတဲ့ လယ်များကို လယ်ပြန်စိုက်နိုင်အောင် အကူအညီ ပေးမယ့် အစီအစဉ်၊ ပြီးတော့ ချောင်းများထဲကို မြေများ ထပ်ပြီးတော့ မကျရလေအောင် ဆောင်ရွက်ပေးဖို့ အစီအစဉ်များကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဒီမေးခွန်းကို ကျွန်တော် အဋ္ဌမအကြိမ် အစည်းအဝေး အောက်တိုဘာလတုန်းက တင်ထားတာ ဖြစ်ပါတယ်။ အဲဒီတော့ (၄)၊ (၅)လ ကြာပြီးတဲ့အတွက်ကြောင့် အခုသက်ဆိုင်ရာ ဌာနများ ကလည်း လုပ်ဆောင်ပြီး ဖြစ်ပါတယ်။ တချို့ အပိုင်းမှာ လုပ်ဆောင်ပေးပြီးဖြစ်ပါတယ်။ ဒီအရင်လ ၂၆ ရက်နေ့တုန်းက သတင်းစာထဲမှာ ဒီကျိုင်းတုံမြို့နယ် နမ့်လပ်ချောင်းနဲ့ နမ့်ဖူးချောင်းကို ယန္တရားကြီးများနဲ့ သဲများ တူးထုတ်နေတဲ့အကြောင်း သတင်းပါလာပါတယ်။ နမ့်လပ်ချောင်းကို အကျယ်(၆၀)ပေ၊ အနက် (၆)ပေနဲ့ အရှည်(၈၄၀၀)ပေ တူးထုတ်ဖို့ အစီအစဉ်နဲ့ နမ့်ဖူးချောင်း ကိုတော့ အကျယ်(၂၆)ပေ၊ အနက် (၇)ပေ၊ ပြီးတော့ (၁၆၁၈၀)ပေ အရှည် တူးထုတ် မယ်ဆိုပြီးတော့ သတင်းပါလာပါတယ်။ အဲဒီအတွက် ကြောင့် အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်ခင်ဗျား။

မှန်ပါတယ်ခင်ဗျား။ ဒီကျိုင်းတုံမြို့နယ်ကို ပတ်ပြီးတော့စီးနေတဲ့ အဲဒီ နမ့်ဖူးချောင်း၊ နမ့်လပ် ချောင်း၊ နမ့်ခွေချောင်းတွေဟာ၊ ပြီးတော့ ချောင်းအငယ်လေးတွေဟာ တော်တော်လေး တိမ်ကောနေပြီ ဖြစ်ပါတယ်။

မိုးနည်းနည်းပါးပါး ရွာလိုက်တာနဲ့ကို၊ အများကြီး ရွာလိုက်တာနဲ့ကို ရေတွေ ဘာတွေ လျှံပါတယ် ခင်ဗျား။ တောင်ပေါ်မြို့ သေးသေးလေး ဖြစ်ပေမယ့်လည်း နှစ်စဉ် ရေဘေးဒုက္ခ ရေလျှံတာနဲ့ ကြုံတွေ့ရ ပါတယ်ခင်ဗျား။ ၂၀၁၂ ခုနှစ်မှာ အဲဒီရပ်ကွက်အတွင်းနဲ့ ကျေးရွာအုပ်စုတွေမှာ ရေလွှမ်းပါတယ်။ ရပ်ကွက်မှာ (၆)အိမ်လောက် အိမ်ပြိုပါတယ်။ ရပ်ကွက်မှာလည်း တော်တော်များများလည်း၊ လယ် တော်တော်များများလည်း နစ်မြုပ်ခဲ့ပါတယ်။ အဲဒါကို ဒုတိယသမ္မတကြီးကိုယ်တိုင်လည်း ကျိုင်းတုံကို ဆင်းပြီးတော့ ရေဘေးဒုက္ခသည်တွေကို အကူအညီများ ပေးခဲ့ရပါသေးတယ်။ လွန်ခဲ့တဲ့ ၂၀၁၃ ခုနှစ်တုန်း ကလည်း အလားတူဖြစ်ရပ်များ ဖြစ်ခဲ့ပါတယ်။

မိုးသည်းထန်စွာ ရွာတဲ့အတွက်ကြောင့် မနှစ်က (၃)ကြိမ်တောင် ရေ လွှမ်းခံရပါတယ်၊ ကျိုင်းတုံမြို့က။ အဲဒါကြောင့် ဒီချောင်းကို သဲနုန်း တူးထုတ်ဖို့ လိုအပ်ပါတယ်ခင်ဗျား။ ယခင်နှစ်တုန်းက ဩဂုတ်လမှာ မိုးအဆက်မပြတ် ရွာသွန်းခဲ့တဲ့အတွက်ကြောင့် ဒီကျေးရွာမှာ ရေနစ်မြုပ်ခဲ့ပါတယ်။ ပြီးတော့ ကျိုင်းတုံ မြို့ရဲ့ တည်နေရာပုံစံက ဒယ်အိုးပုံစံ ဖြစ်နေပါတယ်။ အလယ်က ကျိုင်းတုံ ချိုင့်ဝှမ်း ကြီးရှိတော့ မိုးသည်းထန်စွာရွာတာနဲ့ အဲဒီချိုင့်ဝှမ်းထဲကို ရေစီးပါတယ်။ ချိုင့်ဝှမ်း အလယ်ထဲမှာ အဲဒီတော့ ရေထုတ်မြောင်း ကောင်းမှပဲ ဖြစ်ပါတယ်။ ရေထုတ်မြောင်း မကောင်းတော့ ဒီမနှစ်တုန်းက ဆိုလို့ရှိရင် အုပ်စုတွေ တော်တော်များများ၊ အနိမ့်ပိုင်းမှာ တည်ရှိတဲ့အုပ်စု ကတ်တောင်အုပ်စု၊ ကတ်ဖအုပ်စု၊ ယန်းလောအုပ်စု၊ ဝပ်ဆောင်းအုပ်စု စတဲ့ အုပ်စုတွေမှာ ရေ လွှမ်းခံရပါတယ်။ အဆိုးဆုံးကျတော့ အဲဒီမှာ

ကတ်ထိုက်အုပ်စု၊ ကတ်ဝုန်းရွာပဲ အဆိုးဆုံး ဖြစ်ပါတယ်ခင်ဗျား။ အဲဒီရွာမှာကျတော့ နမ့်ဖူးချောင်း ရဲ့ ချောင်းဖျားမှာ ဒီတောင်ကြီး ပြိုကျပါတယ်။

ချောင်းဖျားထဲကို ပြိုကျလာတဲ့အတွက်ကြောင့် အဲဒီချောင်းရေစီးနဲ့အတူ သစ်ပင်များ၊ သဲနုန်းများ၊ ကျောက်တုံးကြီးများ ပါလာပါတယ်ခင်ဗျား။ အဲဒီတော့ အနိမ့်ပိုင်းမှာ တည်ရှိနေတဲ့ရွာဖြစ်တဲ့ ကတ်ဝုန်းရွာမှာ ဒီ ကျောက်တုံးတွေ၊ သဲနုန်းတွေ တင်ကျန်ပါတယ်။ အဲဒါကြောင့် တချို့အိမ်ထဲလည်း အဲဒီသဲနုန်းတွေ ဝင်ပါတယ်။ (၁)ပေ၊ (၂)ပေလောက် ဝင်ပါတယ်။ ရေတွေကလည်း ဝင်တဲ့အတွက်ကြောင့် ဒီကတ်ဝုန်းရွာသားတွေကို ကျွန်တော်တို့ဒုက္ခသည်၊ ရေဘေးဒုက္ခသည်ပေါ့၊ အဲဒါကို တခြားရွာကို ပြောင်းရွှေ့ပေးရတဲ့ အခြေအနေမှာရှိတယ်။ ထမင်းထုပ် ဝေပေးရတဲ့ အခြေအနေမှာ ရှိပါတယ်ခင်ဗျား။ မနှစ်တုန်းက။

ပြီးတော့ နမ့်ဖူးချောင်းကလည်း ချောင်းပုံသဏ္ဍာန် မပေါ်တော့ဘဲနဲ့ သဲနုန်းတွေ ပြည့်နေတဲ့ အတွက်ကြောင့် ရေတွေလည်း ဟိုစီး၊ ဒီစီး အဲဒီလိုဖြစ်နေတဲ့ အတွက်ကြောင့် ကျွန်တော် ဒီမေးခွန်းကို မေးရခြင်း ဖြစ်ပါတယ်။

ဒီနမ့်ဖူးချောင်းကို နဂိုအတိုင်း ရေပြန်စီးနိုင်အောင် သဲများတူးထုတ်ပေး ဖို့ အစီအစဉ်များကို ကျွန်တော် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အဲဒီ နမ့်ဖူးချောင်းကိုတော့ ခုနက တင်ပြပါအတိုင်းပဲ သက်ဆိုင်ရာဌာနက နေပြီးတော့၊ ဆည်မြောင်း ဦးစီးဌာနက နေပြီးတော့ လာရောက် တူးဖော်နေပေးခဲ့ ပါတယ်။ ဒါပေမဲ့ နှစ်ဖက်လုပ်ငန်းများ ဆက်လက်လုပ်ဖို့ ကျန်နေပါသေးတယ်။ ပျက်စီးနေတဲ့ နမ့်ဖူးချောင်း တံတားကို တည်ဆောက်ပေးဖို့ လိုပါတယ်ခင်ဗျား။ အဲဒီတံတားက ရွာအရှေ့ဘက်နဲ့ အနောက်ဘက်ကို ကူးတဲ့တံတား ဖြစ်တဲ့အပြင် ဒီကတ်ထိုက်အုပ်စုနဲ့ ကတ်တောင်အုပ်စုကို ဆက်တဲ့၊ အုပ်စုချင်းဆက်တဲ့ တံတားလည်း ဖြစ်တဲ့အတွက်ကြောင့် ဒါအရေးပါတဲ့ တံတားလည်း ဖြစ်ပါတယ်။ အဲဒီတံတားကိုတော့ ပြန်လည်တည်ဆောက်ပေးဖို့ လိုပါ တယ်ခင်ဗျား။ ပြီးတော့ လယ်တွေကလည်း အဲဒီမှာ ဧကထောင်ကျော် နစ်မြုပ်ခဲ့ပြီးတော့ ဧက(၃၉၉)ကျတော့ လုံးဝကို ထိခိုက်ပျက်စီးပါတယ်ခင်ဗျား။ အဲဒီလယ်ထဲမှာ ကျောက်တုံးတွေ၊ ရွှံ့တွေ ဝင်နေပါတယ်။ အဲဒီ ကျောက်တုံးက လူအားနဲ့ကို မလို့ကို မထုတ်နိုင်ဘူးခင်ဗျား။

အဲဒါကို မြေကလည်း တချို့လယ်မှာ ဆိုလို့ရှိရင် သဲ(၁)ပေလောက်ကို အမြင့်ရှိနေပါတယ်။ အဲဒါကို စက်အားနဲ့ ပြန်တူးဖို့တော့လိုမယ်လို့ ကျွန်တော် ထင်ပါတယ်ခင်ဗျား။ ပြီးတော့ အဲဒီဖြစ်ရပ်မျိုး နောက်ထပ် မဖြစ်ရလေအောင်၊ ကျွန်တော်တို့ တောင်တွေထပ်ပြီးတော့ မပြိုရလေအောင်၊ ဒီကမ်းပါးတွေ တောင်နားတစ်ဝိုက်မှာ ကာကွယ်ထိန်းသိမ်းဖို့တော့လိုမယ်လို့ ကျွန်တော် ထင်မြင်ယူဆပါတယ်ခင်ဗျား။ အဲဒါ ကြောင့် ကျွန်တော်ဒီမေးခွန်းမှာ နမ့်ဖူးချောင်းတံတား ပြန်လည်တည်ဆောက်ပေးခြင်း အစီအစဉ်၊ သဲဖုံးလွှမ်းနေတဲ့လယ်များကို ပြန်စိုက်ပေးနိုင်တဲ့ အစီအစဉ်၊ ပြီးတော့ သစ်ပင်များကို မခုတ်နိုင်အောင် တားမြစ်တဲ့ အစီအစဉ်များကို သိရှိလိုပါတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဦးအောင်သိမ်း၊ ဒုတိယဝန်ကြီး သမ္မတရုံးဝန်ကြီးဌာန(၄)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် အမှတ်(၆)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာဖြစ်ပါတယ်။

၎င်းမေးခွန်းနဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ ကတ်ထိုက်၊ ဝပ်ဆောင်းကျေးရွာအုပ်စုအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိတဲ့ နမ့်ဖူးချောင်း ဧရိယာမှာ ၉-၈-၂၀၁၃ နေ့မှ ၁၂-၈-၂၀၁၃ နေ့အထိ မိုးရေချိန် (၆.၀၆) လက်မနဲ့ လွိုင်မွေတောင်ကျောမှာ မိုးရေချိန် (၇.၆၇)လက်မ စုစုပေါင်း (၁၃.၇၃)လက်မ၊ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နမ့်ဖူးချောင်းတောင်ပြိုခြင်း၊ သစ်လုံးများ၊ ကျောက်တုံးကြီးများ မျောပါလာပြီးတော့ မူလချောင်းနေရာ ပြောင်းသွားခြင်း၊ သဲနုန်းများ ဖုံးလွှမ်းခြင်း၊ မိုးစပါးစိုက်ပျိုးလယ်မြေများ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ပြီးတော့ နမ့်လပ်ချောင်းတွင်လည်း ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့တဲ့အတွက်ကြောင့် ကျိုင်းတုံမြို့နယ်၊ အမှတ်(၃)ရပ်ကွက်နဲ့ အမှတ်(၄)ရပ်ကွက် အနိမ့်ပိုင်း လူနေအိမ်အချို့ ရေကြီးရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။

ကျိုင်းတုံမြို့နယ်၊ နမ့်ဖူးချောင်း၊ နမ့်လပ်ချောင်း ရေစီးရေလာ ကောင်းမွန်စေရန်နဲ့ ရေကြီးရေလျှံမှု မဖြစ်စေရန် သဲနုန်းတူးဖော်ခြင်း၊ ချောင်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံချက်များ ရေးဆွဲတင်ပြပြီးတော့ ကျိုင်းတုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ နမ့်ဖူးချောင်း သဲနုန်းတူးဖော်ခြင်း လုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီးတော့ နမ့်ဖူးချောင်း သဲနုန်းတူးဖော်ခြင်း၊ ချောင်းချဲ့ခြင်းလုပ်ငန်းလျာထား (၁၆၁၈၀)ပေ၊ မြေကျင်းပေါင်း (၃၇၃၀၀)ကျင်းအား ၁၃-၁၂-၂၀၁၃ နေ့တွင်စတင် ဆောင်ရွက်ခဲ့ပြီးတော့ ၁၄-၁-၂၀၁၄ နေ့အထိ (၁၈၅၀)ပေနဲ့ မြေကြီးကျင်း (၄၂၄၄)ကျင်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကျိုင်းတုံမြို့နယ်၊ အမှတ်(၃)ရပ်ကွက်နှင့် အမှတ် (၄)ရပ်ကွက် အနိမ့်ပိုင်း လူနေအိမ်အချို့ ရေကြီးရေလွှမ်းမိုးမှုမှ ကာကွယ်ရန် နမ့်လပ်ချောင်း သဲနုန်းတူးဖော်ခြင်းကို လုပ်ငန်းလျာထား (၈၄၀၀)ပေ၊ မြေကျင်းပေါင်း (၂၉၄၀၀)ကျင်းကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတတိယပတ်က စတင်ပြီးတော့ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

ကတ်ထိုက်ကျေးရွာအုပ်စု၊ ကတ်ဝုန်းကျေးရွာအနီးမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တည်ဆောက်ထားတဲ့ နမ့်ဖူးချောင်းကူးတံတား ကွန်ကရစ်တံတားမှာ ချောင်းရေနဲ့ မျောပါသွားခြင်း မဟုတ်ဘဲနဲ့ သဲဖုံးပြီးတော့ နစ်မြုပ်သွားခြင်း ဖြစ်ပါတယ်။ ယခုအခါမှာ နမ့်ဖူးချောင်း သဲနုန်းတူးဖော်ခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိတဲ့အတွက်ကြောင့် ၎င်းချောင်းကူးတံတားမှာ ပြန်ပေါ်လာပြီးတော့ ပုံမှန်သွားလာနိုင်ပြီ ဖြစ်ပါတယ်။ သဲဖုံးသွားတဲ့ လယ်မြေတွေ ပြန်လည်စိုက်ပျိုးနိုင်ရန် နမ့်ဖူးချောင်း သဲနုန်းတူးဖော်ခြင်း၊ ချောင်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်မှာ၊ ချောင်းပေါင်တစ်လျှောက်မှာ ဝဲ/ယာ လိုအပ်တဲ့ နေရာတွေမှာ ရေထုတ်ပြွန်တွေ တပ်ဆင်ပေးနိုင်ရန် သက်ဆိုင်ရာ ဒေသခံတောင်သူများနဲ့ ရေထုတ်ပြွန်

များကို ဆည်မြောင်းဦးစီးဌာနမှ မြေတူးစက်များနဲ့ တူးဖော်တပ်ဆင်ပေးရန် ဒေသခံတောင်သူများနဲ့ ညှိနှိုင်းထားပြီး ဖြစ်ပါတယ်။

ချောင်းတွင်းကို မြေများထပ်မံမပြိုကျစေရန် ထိန်းသိမ်းခြင်း၊ ချောင်းအနီး တောင်ကုန်းမှာ သစ်ပင်များ မခုတ်ရန် တားမြစ်ခြင်းလုပ်ငန်းများအတွက် ကျိုင်းတုံမြို့နယ်၊ ပြည်နယ် ဒုတိယအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဖွဲ့စည်းထားတဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှ ဒေသတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် တောင်ပြိုကျမှုမရှိစေရေး၊ သစ်တော ပြုန်းတီးမှု ကာကွယ်ခြင်း၊ သစ်ပင်များ မခုတ်ရန် တားမြစ်ခြင်းနဲ့ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ရပ်ကွက်/ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများနဲ့ ကျေးလက်ပြည်သူများ ပူးပေါင်းပါဝင်လာစေရေး စည်းရုံးဆောင်ရွက်ခြင်းစတဲ့ လုပ်ငန်းများကို စီမံဆောင်ရွက်ပေးခြင်းဖြင့် သဘာဝပတ်ဝန်းကျင် မပျက်စီးစေရေးတို့ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်မည် ဖြစ်ပါတယ်။

နမ့်ဖူးချောင်း၊ နမ့်လပ်ချောင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်မှာ သမ္မတရုံး သီးသန့်ရန်ပုံငွေ အသုံးစရိတ် ခေါင်းစဉ်အောက်မှ ခွင့်ပြုရန်ပုံငွေကျပ် (၁၄၁.၀)သန်း ဖြင့် ကျခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မော်တော်ယာဉ် ဝယ်ယူရာတွင် သတ်မှတ်တန်ဖိုး၏ တစ်ဝက်အပေါ်တွင် (၁၅)ရာခိုင်နှုန်းဖြင့် အခွန်စည်းကြပ်ခြင်းသည် မည်သည့်ဥပဒေ သို့မဟုတ် အမိန့်ဖြင့် စည်းကြပ်သည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးဇုန်လှယ်ထန်း က မော်တော်ယာဉ် ဝယ်ယူရာတွင် သတ်မှတ်တန်ဖိုး၏ တစ်ဝက်အပေါ်တွင် (၁၅)ရာခိုင်နှုန်းဖြင့် အခွန်စည်းကြပ်ခြင်းသည် မည်သည့်ဥပဒေ သို့မဟုတ် အမိန့်ဖြင့် စည်းကြပ်သည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ချစ်ခင်လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ပထမဦးဆုံး နှုတ်ခွန်းဆက်သလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပထမမှာ မော်တော်ယာဉ် ဝယ်ယူရာတွင် သတ်မှတ်တန်ဖိုး၏ တစ်ဝက်အပေါ်တွင် (၁၅) ရာခိုင်နှုန်းဖြင့် အခွန်စည်းကြပ်ခြင်းသည် မည်သည့် ဥပဒေ သို့မဟုတ် အမိန့်ဖြင့် စည်းကြပ်သည်ကို သိရှိလိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ပြီးတော့ တစ်ဆက်တစ်စပ်တည်းမှာပဲ အလျဉ်းသင့်လို့ ဒုတိယမေးခွန်းများကိုပေါ့နော် ကားနဲ့ပတ်သက်တဲ့ အခွန်အခ မေးခွန်းတွေကိုလည်း ပြောချင်ပါတယ်။ ဥက္ကဋ္ဌကြီး ခွင့်ပြုမယ်ဆိုရင်ပေါ့နော်။ အခု အခွန်ဝန်ကြီးဌာန လည်း ရှိတယ်။ ပြီးတော့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဘက်ကလည်း ရှိတယ်ဆိုတော့။ က.ည.န

အခွန်ရုံးနဲ့ ပတ်သက်ပြီးတော့လည်း ပြောချင်ပါတယ်။ အဲဒီတော့ အခု မဖြေလည်း ရပါတယ်။ ဥက္ကဋ္ဌကြီး ခွင့်ပြုမယ်ဆိုရင်။

**ဥက္ကဋ္ဌ။** ။ မူလ တင်ထားတဲ့ မေးခွန်းပဲ မေးခွင့်ပြုပါတယ်။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ဟုတ်ကဲ့။ ဒါဆိုရင် ဒီလောက်ပါပဲ။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဒေါက်တာလင်းအောင်၊ ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပုဂ္ဂလိကကဏ္ဍမှာ မော်တော်ယာဉ်၊ ရေယာဉ်ဝယ်ယူခြင်း၊ တည်ဆောက်ခြင်းများအတွက် အခွန်စည်းကြပ်ခြင်းကို ယခင်က အမြတ်ခွန်ဥပဒေနဲ့ စိစစ်ကြီးကြပ်ခဲ့ပါတယ်။ ဒီဥပဒေပါ အခွန်နှုန်းထားများအရ ပုဂ္ဂလိကတစ်ဦးချင်း ဝင်ငွေအပေါ်မှာ ကျပ်(၃)သိန်းအထိကို အမြတ်ခွန်ဥပဒေပါ နှုန်းထားများအတိုင်း စည်းကြပ်ပြီးတော့မှ ကျပ်(၃)သိန်း ထက်ကျော်လွန်လို့ရှိရင် ကျော်လွန်တဲ့ပမာဏရဲ့ (၅၀)ရာခိုင်နှုန်းကို အမြတ်ခွန်ကျသင့်မှာ ဖြစ်ပါတယ်။ သို့သော်လည်း ၂၀၀၀ ခုနှစ်ကျော်ကာလတွေမှာ မော်တော်ယာဉ်ဈေးနှုန်းများ တဖြည်းဖြည်း ကြီးမြင့်လာတဲ့အတွက် ပြည်သူများအနေနဲ့ မော်တော်ယာဉ်များ ဝယ်ယူခြင်းအပေါ် အထက်ပါ နှုန်းထားများအတိုင်း အခွန်ပေးဆောင်ရန် အခက်အခဲရှိလာကြောင်း တွေ့ရှိရပါတယ်။

အမြတ်ခွန်ဥပဒေပုဒ်မ ၁၉မှာ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးဟာ နိုင်ငံတော်ရဲ့ အကျိုးငှာ ဝင်ငွေတစ်ရပ်ရပ်အတွက်ဖြစ်စေ၊ အခွန်ထမ်း တစ်ဦးဦးအတွက်ဖြစ်စေ၊ လိုအပ်လျှင် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်တယ်ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။ အလားတူပဲ ဝင်ငွေခွန်ဥပဒေ ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)မှာလည်း ပြည်ထောင်စုအစိုးရဟာ ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေရရှိသူ တစ်မျိုးမျိုးနဲ့ စပ်လျဉ်းပြီးဖြစ်စေ၊ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ အခွန်ကင်းလွတ်ခွင့်ပေးခြင်း၊ အခွန်သက်သာ ခွင့်ပေးခြင်း၊ အခွန်နှင့် စပ်လျဉ်းတဲ့ အခြားခံစားခွင့်ပေးခြင်းတို့ကို ပြုလုပ်နိုင်တယ်ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံတော်အနေနဲ့ ပြည်သူများ မော်တော်ယာဉ်၊ ရေယာဉ်များ ဝယ်ယူ၊ တည်ဆောက်ခြင်းများမှာ မိမိတို့သုံးစွဲခဲ့တဲ့ ငွေကြေးအတွက် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ စိတ်အေး ချမ်းသာစွာ ဝယ်ယူဆောင်ရွက်နိုင်စေရန်အတွက် အမြတ် ခွန်ဥပဒေပုဒ်မ ၁၉ နဲ့ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ ၁၄-၆-၂၀၀၇ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၊ အစည်းအဝေးအမှတ်စဉ်၊ ၁၈/၂၀၀၇ က သဘောတူခွင့်ပြုချက်နဲ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၄/၂၀၀၇ ကို ထုတ်ပြန်ပြီးတော့မှ သက်သာခွင့်ပြုခဲ့ပါတယ်။

အဆိုပါ အမိန့်ကြော်ငြာစာမှာ မော်တော်ယာဉ်တန်ဖိုးရဲ့ (၅၀)ရာခိုင်နှုန်းအပေါ်မှာ (၁၅) ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရန် သို့မဟုတ် ဝင်ငွေရလမ်းစိစစ်မှု ခံယူလိုပါက တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများနဲ့အညီ စိစစ်စည်းကြပ်မှုခံယူခွင့် ပြုနိုင်ကြောင်း ဖော်ပြပါရှိပါတယ်။ သို့ရာတွင် ၎င်း အမိန့် ကြော်ငြာစာဟာ မော်တော်ယာဉ်၊ ရေယာဉ်များ ဝယ်ယူခြင်း၊ တည်ဆောက်ခြင်းအတွက်သာ သက်ဆိုင် ပြီးတော့ တရားမဝင်သော နည်းလမ်းဖြင့်ရရှိတဲ့ ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့ကို အရေးယူ သည့် ဥပဒေနဲ့ တရားမဝင်သော နည်းလမ်းဖြင့်ရရှိတဲ့ ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေတို့ အရ အရေးယူထားတဲ့ အမှုများနဲ့ သက်ဆိုင်ခြင်း မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**စစ်တွေရထားလမ်းပိုင်းနှင့် ပုဏ္ဏားကျွန်းရထားလမ်းပိုင်းရှိ ဆွေးမြေ့နေသော သစ်သား ဇလီဖားတုံးများကို အစားထိုးပြီး အဆိုပါလမ်းပိုင်း(၂)ခုကို တံတားထိုးဆက်သွယ် ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် က စစ်တွေရထားလမ်းပိုင်းနှင့် ပုဏ္ဏားကျွန်းရထားလမ်းပိုင်းရှိ ဆွေးမြည့်နေသော သစ်သားဇလီဖားတုံးများကို အစားထိုးပြီး အဆိုပါ လမ်းပိုင်း(၂)ခုကို တံတားထိုးဆက်သွယ်ပေးရန် အစီအစဉ် ရှိ၊ မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ကျွန်တော် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်တွေ-ကျောက်တော်ရထားလမ်းပိုင်းကို လွန်ခဲ့တဲ့ (၃)၊ (၄)နှစ်က ဖောက်လုပ်ခဲ့ပါတယ်။ ဖောက်လုပ်စဉ်မှာ ပြဿနာတွေ၊ ချို့ယွင်းချက်တွေ၊ အဆင်မပြေမှုတွေ ရှိခဲ့ပါတယ်။ အဲဒါက ဘာကြောင့်လဲဆိုရင် ကုမ္ပဏီကြီးတွေကို ကန်ထရိုက်စနစ်နဲ့ပေးတယ်။ နောက် အရင်အစိုးရ ကလည်း အာဏာလွှဲခါနီး အမြန်ပြီးစေချင်တာကြောင့် အလျင်စလို လုပ်တာတွေကြောင့် ဖြစ်ပါတယ်။ သို့သော်လည်းပဲ အဲဒီရထားလမ်းက အခုအချိန်မှာဆိုရင် ပြည်သူလူထုကို ကောင်းစွာအကျိုးပြုလျက်

ရှိနေပါတယ်။ အဲဒီရထားလမ်းနဲ့ ကျောင်းသူကျောင်းသားတွေ၊ အစိုးရဝန်ထမ်းတွေ၊ ဈေးနှုန်းသက်သာစွာနဲ့ သွားနိုင်ပါတယ်။ တောသူ၊ တောင်သားတွေလည်း ကုန်ပစ္စည်းတွေကို သယ်ဆောင်ပြီးတော့လည်း သွားရတာရှိပါတယ်။ အရောင်းအဝယ် လုပ်တဲ့သူတွေလည်း အဲဒီရထားလမ်းကို သုံးပြီးတော့ အရောင်းအဝယ် လုပ်ကြပါတယ်။ အရင်တုန်းက ငွေ(၁၀၀၀)ပေးရတဲ့ခရီးကို အခုဆိုရင် အေးအေးဆေးဆေးနဲ့ ငွေ(၁၅၀)နဲ့ သွားလို့ရပါတယ်။ အဲဒါကြောင့် ခရီးသွားလာရေးနဲ့ ကုန်စည်စီးဆင်းမှုလည်း အရင်နဲ့စာရင်အများကြီး တိုးတက်လာပါတယ်။

အဲဒီလမ်းတစ်လျှောက်မှာရှိတဲ့ ဒေသခံတွေကလည်း ဘုရားဖူးအဖြစ် ဒီ ကျောက်တော်မြို့ကို သွားပြီးတော့မှ မဟာမုနိဘုရားဖူး နေ့ချင်းပြန် သွားတာတွေလည်း ရှိပါတယ်။ အရင်တုန်းကဆိုရင် ဒါမျိုးတွေကို အိမ်မက်တောင် မမက်ခဲ့ဖူးပါဘူး။ အဲဒါကြောင့် ဒီ ရထားလမ်းဟာ အခုထိ လူတွေ ပြည့်ကျပ်စွာနဲ့ အသုံးပြုလျက်ရှိပါတယ်။ သို့သော်လည်းပဲ ဖောက်လက်စမှာတော့ ပြဿနာတွေ၊ ချို့ယွင်းချက်တွေ ရှိခဲ့ပါတယ်။ ဘာလို့လဲဆိုလို့ရှိရင် ကျွန်တော်တို့ ရခိုင်လူမျိုးတွေရဲ့ အထွဋ်အမြတ်ထားရာ၊ မြန်မာပြည်သူ/ပြည်သားတွေ အထွဋ်အမြတ်ထားရာ မဟာမြတ်မုနိဘုရား ကိန်းဝပ်စံပယ်ခဲ့ရာ ဒီ ဓညဝတီမြို့တော်ဟောင်းကို ဖြတ်ပြီးတော့ ဖောက်လုပ်ထားခဲ့တာ ဖြစ်ပါတယ်။ အဲဒါကိုလည်း အဆင်ပြေတဲ့ တစ်နေ့မှာလမ်းလွှဲပြီးတော့ ဖောက်လုပ်စေချင်ပါတယ်။ နောက်ချို့ယွင်းချက်တွေက ဘာရှိလဲဆိုလို့ရှိရင် ဖောက်လုပ်တဲ့အခါ ကျောက် အမာတွေ မသုံးဘဲနဲ့ သဲ၊ ကျောက်တွေကို သုံးပါတယ်။

ဇလီဖားတုံးများကိုလည်း ပျဉ်းကတိုးသားတွေသုံးရမယ့်အစား ကျွန်တော်တို့အရပ်မှာ လူမသုံးတဲ့ သစ်ဖြူသစ်သားတွေကို၊ အဲဒီထင်းအဖြစ် သုံးတဲ့ဟာတွေကို သုံးခဲ့ပါတယ်။ နောက် မြေသားတွေကိုလည်း ကျစ်လျစ်အောင် မလုပ်ခဲ့ဘူးဆိုတော့ ရခိုင်ဒေသမှာ ပြင်းထန်တဲ့လေမုန်တိုင်းနဲ့ မိုးရေတွေနဲ့ ဆိုလို့ရှိရင် အဲဒါတွေက လမ်းတွေကလည်း ရေတိုက်စားလာပါတယ်။ ကျောက်တွေလည်း ရေနဲ့၊ အစိုနဲ့ဆိုတော့ အဲဒီကျောက်တွေလည်း သဲမှုန့်ဖြစ်သွားတာတွေ ရှိပါတယ်။ နောက်ပြီး အဲဒီ သစ်ဖြူသားတွေကလည်း ဆွေးမြည့်ပြီးတော့ ပျက်စီးသွားပါတယ်။

အဲဒီလိုဖြစ်လာတဲ့အခါ ရထားလမ်းက အနိမ့်အမြင့်ဖြစ်လာပါတယ်။ ကောက်ကွေ့လာတာတွေ ရှိပါတယ်။ အဲဒီလုပ်တဲ့ ကုမ္ပဏီကလည်း ဒါတွေကို တာဝန်ခံပြီးတော့ ထိန်းသိမ်းမှုတွေ ပုံမှန်မလုပ်ပါဘူး။ မလုပ်ပါဘူးဆိုတော့ ရထားသွားလာတဲ့အခါ လမ်းချော်မှုတွေ (၄)၊ (၅)ကြိမ် ဖြစ်ပြီးပါပြီ။ နောက် ရထားကိုလည်း အရင်ကလို မြန်မြန်မောင်းလို့ မရတော့ပါဘူး။ တစ်နာရီမှာ(၁၂)မိုင်နှုန်းနဲ့ပဲ ဖြည်းဖြည်းမောင်းရပါတယ်။ တစ်ခါတလေ ရထားအတွဲသုံးလေးတွဲရှိရာက နှစ်တွဲပဲ မောင်းလာတာတွေ ရှိပါတယ်။ နောက်တစ်ခု ချို့ယွင်းချက်က ဘာလဲဆိုရင် ဒီ ရထားပလက်ဖောင်းစင်္ကြန်ပေါ်ကနေ ရထားပေါ်ကို တက်တဲ့အခါ ရန်ကုန်က မြို့ပတ်ရထားတွေလို တိုက်ရိုက်တက်လို့ မရပါဘူး။ လူက ရထားပလက်ဖောင်းကနေပြီး ရထားလမ်းမပေါ်ကို ဆင်းရပါတယ်။ နောက်ပြီးတော့မှ ရထားလှေခါးပေါ်ကို တက်တယ်ဆိုတော့ ခါးစောင်းလောက်အမြင့်ကို တွယ်ချိတ်ပြီး တက်ရသလို ဖြစ်ပါတယ်။ အပေါ်က တစ်ယောက်ဆွဲတင်ပေးရပါတယ်။

အဓိက အခက်အခဲကတော့ ဒီကလေးတွေ၊ လူကြီးသူမတွေ၊ နောက် အမျိုးသမီးတွေအတွက် ကာယအိန္ဒြေတွေ နည်းနည်းပျက်ရပါတယ်။ ဝန်စည်စလယ်တွေနဲ့ လာတဲ့လူတွေဆိုရင်လည်း ကုန်ပစ္စည်းတွေကို တင်ဖို့ တော်တော် အခက်အခဲတွေ ရှိပါတယ်။ ရထားလမ်းချော်မှုကလည်း နောက်ဆုံးဖြစ်ခဲ့တာ

ပြီးခဲ့တဲ့နှစ် စက်တင်ဘာလ ၁၄ ရက်နေ့မှာ တစ်ကြိမ်ဖြစ်ပါတယ်။ ပြီးတော့ နောက်ဆုံး လွန်ခဲ့တဲ့ (၁၀)ရက် လောက်မှာတစ်ခါ လမ်းချော်ပြီးတော့ ရပ်သွားတာရှိပါတယ်။ ခရီးသည်တွေ ခြေနဲ့လမ်းလျှောက်ပြီးတော့ လာခဲ့ရတာရှိပါတယ်။ အဲဒီလို လမ်းချော်တဲ့အခါ ခရီးသည်တွေအတွက်လည်း အန္တရာယ် အင်မတန်ကြီး ပါတယ်။ ဘာလို့လဲဆိုရင် ရထားလမ်းက မြေပြန့်တစ်ခုတည်းမှာ ဖောက်တာမဟုတ်ပါဘူး။ တောင်ကြားတွေ မှာဖောက်တာရှိပါတယ်။ တောင်၊ ချိုင့်ကမ်းပါးတွေနားက သွားတာရှိပါတယ်။ ဘေးမှာလည်း ချောင်းတို့၊ ရေကန်တို့၊ ရေအိုင်တို့ ရှိပါတယ်။ တကယ်လို့ တိမ်းမှောက်လို့ရှိရင် လူအသေအပျောက် များလာမှာ ဖြစ်ပါတယ်။

အဲဒါကြောင့် အဲဒါတွေကို ပြန်လည်ပြုပြင်ထိန်းသိမ်းဖို့ လိုအပ်နေပါတယ်။ နောက်ပြီးတော့ စစ်တွေ-ကျောက်တော်ရထားလမ်း ဆိုပေမယ့်လည်း စစ်တွေက ကျောက်တော် တိုက်ရိုက်သွားလို့ မရ သေးပါဘူး။ ဒီ စစ်တွေမြို့နဲ့ ပုဏ္ဏားကျွန်းမြို့ကို ကြားမှာ မင်းကြောင်းချောင်းဆိုတဲ့ ချောင်းကြီးတစ်ချောင်း က တားဆီးနေတဲ့အတွက် အဲဒီကို တံတားထိုးပြီးမှ စစ်တွေဘက်နဲ့ ပုဏ္ဏားကျွန်း-ကျောက်တော်ဘက်ကို ရထားဆက်သွားလို့ရမှာ ဖြစ်ပါတယ်။ အဲဒီရထားတံတားကိုလည်း အလျင်အမြန်ထိုးဖို့အတွက် ဒေသခံ လူထုတွေက ဆန္ဒရှိပါတယ်။ အဲဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးလိုတဲ့ မေးခွန်းတွေက ဆွေးမြည့်နေသော သစ်သားဇလီဖားတုံးများကို အစားထိုးပြီး ရထားဘီးလမ်းချော်ခြင်းကို ကြိုတင်တားဆီး ပေးရန် အစီအစဉ် ရှိ၊ မရှိ။ စစ်တွေရထားလမ်းပိုင်းနဲ့ ပုဏ္ဏားကျွန်းရထားလမ်းပိုင်းကို တံတားထိုးပြီး ဆက်သွယ်ပေးရန် အစီအစဉ် ရှိ၊ မရှိ ဆိုတာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၅။**

**ဦးချန်မောင် (ဒုတိယဝန်ကြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ ခင်ဗျား။ ရခိုင်ပြည်နယ် အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် မှ စစ်တွေရထားလမ်းပိုင်းနဲ့ ပုဏ္ဏားကျွန်းရထားလမ်းပိုင်းရှိ ဆွေးမြည့်နေသော သစ်သား ဇလီဖားတုံးများကို အစားထိုးပြီး ရထားဘီးချော်ခြင်းကို ကြိုတင်တားဆီးပေးရန်နှင့် အဆိုပါ လမ်းပိုင်း (၂)ခုကို တံတားထိုးပြီး ဆက်သွယ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းလာတဲ့ကိစ္စကို ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင် မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

စစ်တွေ-ရေချမ်းပြင် ရထားလမ်းပိုင်း၊ ကွမ်းတောင်-ပုဏ္ဏားကျွန်း- ယိုးတရုတ်-ကျောက်တော် ရထားလမ်းပိုင်းမှာ မတော်တဆမှုများ မဖြစ်ပေါ်စေရေး အတွက် ယခုပွင့်လင်းရာသီမှာ ပြုပြင်ဖို့အတွက် ကွန်ကရစ်ဇလီဖား(၄၆၈၀၀)တုံးကို ရန်ကုန်ကနေ စစ်တွေကို သင်္ဘောနဲ့သယ်ယူပို့ဆောင်ရေး ဆောင်ရွက် လျက်ရှိပါတယ်။ စစ်တွေကို (၂၆၈၀၇)တုံး ရောက်ရှိပြီးဖြစ်ပါတယ်။ အဲဒီရောက်ရှိပြီးဖြစ်တဲ့ ဇလီဖားတုံးတွေ

ကိုတော့ အပေါက်ဝ၊ ဂဏန်းတောင်၊ ယိုးတရုတ်၊ အောင်ဖြူပြင်၊ ပုဏ္ဏားကျွန်းနှင့် ကွမ်းတောင်ဘူတာတွေမှာ စုပုံထားရှိပြီး ဖြစ်ပါတယ်။

အလားတူပဲ ဆွေးမြည့်နေသော သစ်သားဇလီဖားတုံးများကို လဲလှယ်နိုင်ရန်အတွက် သစ်သားဇလီဖား(၄၅၆၃၀)တုံးကို ဝယ်ယူဖို့အတွက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ ဆောင်ရွက်ခဲ့ရာမှာ ကျောက်တော်မှာ ဇလီဖား(၄၀၀၀)တုံး လက်ခံရရှိပြီးဖြစ်ပါတယ်။ ကျန်တဲ့ သစ်သားဇလီဖားတွေကို ဆက်လက်ရရှိရေး ဆောင်ရွက်လျက်ရှိပါတယ်။ ရရှိပြီး သစ်သားဇလီဖားတွေကို ရေနံချေး သုတ်လိမ်းပြီးတော့ လမ်းပိုင်းအတွင်း လဲလှယ်ထည့်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

လက်ရှိ ရထားလမ်းမှာ ထည့်ထားတဲ့ ကျောက်တွေထက် ပိုပြီးတော့ အရည်အသွေးကောင်းတဲ့ လမ်းခင်းကျောက်(၁၄၂၀၀)ကျင်း ဝယ်ယူရရှိရေးအတွက် ရခိုင်ပြည်နယ်အစိုးရရဲ့ စီစဉ်ကူညီမှုနဲ့ ဆောင်ရွက်လျက်ရှိရာမှာ ပိန်းချောင်း ကျောက် ကွင်းမှာ (၂၅၀၀)ကျင်း၊ တောင်မောက်ကျောက်ကွင်းမှာ (၅၀၀)ကျင်း စုစုပေါင်း(၃၀၀၀)ကျင်း စုပုံထားရှိပြီးဖြစ်ပါတယ်။ ဝယ်ယူထားရှိတဲ့ လမ်းခင်းကျောက်တွေကိုတော့ မြန်မာ့မီးရထား အစီအစဉ်နဲ့ သယ်ယူသွားမှာ ဖြစ်ပြီးတော့ အဲဒီရရှိပြီး ကျင်း(၃၀၀၀)အနက်က ကျင်း(၁၀၀၀)ကို လက်ရှိ ဖွင့်လှစ်ထားပြီးဖြစ်တဲ့ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့လမ်းပိုင်းတွေမှာ ထည့်သွင်းထားမှာ ဖြစ်ပါတယ်။

ရထားလမ်းဘီးချော်ခြင်းကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် တင်ပြခဲ့တဲ့ စုပုံထားရှိပြီးဖြစ်တဲ့ ကွန်ကရစ်ဇလီဖား၊ သစ်သားဇလီဖားများနဲ့ ဆွေးမြည့်နေသော သစ်သားဇလီဖားများနေရာမှာ အစားထိုးလဲလှယ်ခြင်း၊ ကျောက်ဖြည့်ခြင်းများကို ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

စစ်တွေ-ပုဏ္ဏားကျွန်း-ကျောက်တော်-မြောက်ဦး လမ်းပိုင်းမှာ ဆက်သွယ်သွားလာနိုင်ရေးအတွက် စစ်တွေ-ကျောက်တော်လမ်းပိုင်းမှာ ပေ(၇၇၇၀)ခန့်ရှိတဲ့ မင်းချောင်းတံတားကြီးနှင့် ကျောက်တော်-မြောက်ဦးလမ်းပိုင်းတွင်မှာ ပေ(၇၈၀၀)ခန့်ရှိတဲ့ ကစ္ဆပနဒီတံတားကြီးတို့ကို တည်ဆောက်ရန် လိုအပ်လျက်ရှိပါတယ်။ ဒါပေမဲ့ လက်ရှိအခြေအနေအရ ဘဏ္ဍာငွေအခြေအနေအရ လောလောဆယ် တံတားများတည်ဆောက်ရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပုံမှန် Maintenance လုပ်ဖို့အတွက် အစီအမံ ရှိရဲ့လား။ အဲဒီဒေသမှာ အဲဒီရထားလမ်း ပုံမှန် ရှိတယ်နော်။ ခုနတုန်းက Projector နဲ့ ပြသွားတဲ့ တံတားလေးလား၊ Calves Box လား၊ အဲဒီအပေါ်မှာ Radiance က တော်တော်လေး အခြေအနေဆိုးတဲ့ အန္တရာယ်ကြီးမားတဲ့ ပုံလေးတွေ့လိုက်တယ်။ အဲဒီတော့ ပုံမှန်နေ့စဉ်နဲ့အမျှ ဒီဥစ္စာကို ကြံ့ခိုင်ရေး ထိန်းသိမ်းဆောင်ရွက်ခြင်း လုပ်ပေးမှ အသက်အန္တရာယ်ကင်းမှာ ဖြစ်ပါတယ်။ ဒါလေးနည်းနည်း အစီအမံလေး ပြန်လုပ်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ကောင်းပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော သတင်းမီဒီယာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော သတင်းမီဒီယာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ပြန်လည်ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးအောင်ငြိမ်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဖြစ်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဖြစ်ပါတယ်။ ကော်မတီ၏ တာဝန်ပေးချက်အရ ကျွန်တော့်အနေနဲ့ သတင်းမီဒီယာဥပဒေကြမ်း နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၏ အကြံပြုချက်အပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ်တင်ပြချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

သတင်းမီဒီယာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ အကြံပြုချက်အပေါ်
အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ်တင်ပြချက်အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄ - ၃၈
ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်

၁။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် က ၁၉-၈-၂၀၁၃ ရက်နေ့တွင် သတင်းမီဒီယာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းခဲ့ပြီး ၃၀-၈-၂၀၁၃ ရက်နေ့ အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့ လွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။

၂။ ပြည်သူ့လွှတ်တော်က ၄-၁၁-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုသည့် သတင်းမီဒီယာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ၇-၁၁-၂၀၁၃ ရက်နေ့တွင် ပြန်လည်ပေးပို့လာပါသည်။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၇-၁-၂၀၁၄ ရက်နေ့၌ ကျင်းပပြုလုပ်သော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် က အကြံပြုဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ သတင်းမီဒီယာ ဥပဒေကြမ်းအပေါ်တွင် အကြံပြုဆွေးနွေးခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် နှင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီတို့သည် ၂၈-၁-၂၀၁၄ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပြီး အောက်ပါအတိုင်း သဘောတူညီခဲ့ပါသည် -

(က) ဤဥပဒေသည် သတင်းမီဒီယာဥပဒေဖြစ်၍ သတင်းမီဒီယာသမား များနှင့် စပ်လျဉ်းသည့် အရေးကိစ္စများကို ဆောင်ရွက်ရန်အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ထားသော စာနယ်ဇင်းသမား ဆိုသည့် စကားရပ်ထက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၁၂ ပါ သတင်းမီဒီယာ ဆိုသည့် စကားရပ်မှာ ပိုမိုအဓိပ္ပာယ် ကျယ်ပြန့်သောကြောင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များသည် သင့်လျော်ညီညွတ်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ပုဒ်မ ၂(ဂ)ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုဒ်မ ၁၃ ပါ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကို ဖွဲ့စည်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအရ စင်ပြိုင်ကောင်စီ ထူထောင်နိုင်ခွင့်မရှိသဖြင့် မူလ ဥပဒေပုဒ်မ ၁၂ တွင် ဖော်ပြထားသော တစ်ခုတည်းသော ဆိုသည့် စကားရပ်ကို သုံးစွဲထားခြင်းသည် လိုအပ်ခြင်းမရှိပါ၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်သည် သင့်လျော်မှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၁၉(က) တွင် သတင်းမီဒီယာကောင်စီသည် အစိုးရအဖွဲ့အစည်း မဟုတ်သဖြင့် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အရအသုံးဆိုင်ရာ ဥပဒေတွင် ပါဝင်နိုင်ခြင်း မရှိသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်သည် သင့်လျော်ညီညွတ်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) မူလ ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါက ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေရှေ့ရပ်ဖြင့်ဖြစ်စေ တရားရုံး သို့ တိုက်ရိုက်လျှောက်ထား စွဲဆိုနိုင်သည် ဆိုသည့် စကားရပ်ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည် ပြုသည့် ဥပဒေကြမ်းပုဒ်မ ၂၈၊ ပုဒ်မခွဲ(ခ) ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါက တရားရုံးသို့ တိုက်ရိုက်လျှောက်ထားစွဲဆိုနိုင်သည် ဆိုသည့်စကားရပ်ဖြင့် အစားထိုးခြင်းသည် ဥပဒေရေးထုံးနှင့်ညီညွတ်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) မူလဥပဒေပုဒ်မ ၃၂ အား ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ သတင်း မီဒီယာဥပဒေ အခန်း(၉) ပြစ်မှုနှင့် ပြစ်ဒဏ်များအခန်းတွင် ပါရှိသည့် ပုဒ်မများသည် ရဲအရေးမပိုင်သည့် ပြစ်မှုများဖြစ်သောကြောင့် သက်သေခံပစ္စည်းများ သိမ်းဆည်းရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနှင့်အညီ ဆောင်ရွက်ရန် ဖော်ပြထားခြင်းဖြစ်၍ ပယ်ဖျက်ရန်မသင့်ဘဲ အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သည့်အတိုင်းသာ ဆက်လက်အတည်ပြုသင့်ကြောင်း ညှိနှိုင်းသဘောတူ ညီခဲ့ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သတင်းမီဒီယာဥပဒေကြမ်းကို အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် မူလဥပဒေပုဒ်မ ၃၂ တွင် ဖော်ပြချက်မှအပ ကျန်ရှိသည့် ပြင်ဆင်ချက်များကို ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုသည့်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော သတင်းမီဒီယာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော သတင်းမီဒီယာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၀)၊ အပိုဒ် ၃၂

၂၈။ အခန်း(၁၀) အပိုဒ် ၃၂ မူလ ဥပဒေပြဋ္ဌာန်းချက်တွင် ဖော်ပြထားသည့် ဥပဒေအရ တားမြစ်ပိတ်ပင်ထားပြီး ပြစ်မှုဖြင့် အရေးယူခံရသည့် သတင်းစာ၊ ဂျာနယ်၊ စာစောင်စသည့် မီဒီယာဆိုင်ရာ ပစ္စည်းများကို ရှာဖွေသိမ်းဆည်းရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဆိုသည့် ပြဋ္ဌာန်းချက်ကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ရန် အတည်ပြုထားသော်လည်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူ လျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀) အပိုဒ် ၃၂ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၂၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော သတင်းမီဒီယာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောထားကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်း

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၄(က)အရ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောမတူကြောင်း တွေ့ရှိရသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ သတင်းမီဒီယာ ဥပဒေကြမ်းအပေါ်မှာ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်တွေ အနက်မှ ခုနက ဆုံးဖြတ်ပြီးဖြစ်တဲ့ ပုဒ်မ ၃၂ မှာ ပြဋ္ဌာန်းချက်ဟာ ဒီဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ပြစ်မှုပြစ်ဒဏ်တွေဟာ ရဲအရေးမပိုင်တဲ့ပုဒ်မတွေ ဖြစ်နေပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ မူလပြဋ္ဌာန်းထားတဲ့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေတွေနဲ့အညီ ရှာဖွေသိမ်းဆည်း ဆောင်ရွက်သင့်တယ်ဆိုတဲ့ ပုဒ်မ ၃၂ ကို အမျိုးသားလွှတ်တော်က အတည်ပြုပြီးသည့်အတိုင်းသာ ဆက်လက်အတည်ပြုပြီးဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဒါဟာ လွှတ်တော်နှစ်ရပ် ဒီပုဒ်မအပေါ်မှာ သဘောထား ကွဲလွဲတဲ့အချက်အဖြစ် ပေါ်ပေါက်လာပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။

ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော် နည်းဥပဒေ ပုဒ်မ ၁၆၄(က) အရ ဒီအချက်ကို သဘောထားကွဲလွဲတဲ့ဒီအချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ပါရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး မှ အဆို တင်သွင်းအပ်ပါတယ် ခင်ဗျား။

**သတင်းမီဒီယာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ သတင်းမီဒီယာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်၏ ခေါင်းစဉ် ပြင်ဆင်ချက် -

အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်။ )
၁၃၇၅ ခုနှစ်၊ လ ရက်
(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ခေါင်းစဉ်ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၁ -

၁။ ဤဥပဒေကို အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူ လျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၁ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၂ -

၂။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ တွင် ပါရှိသော အနည်းဆုံး (၇)နှစ် မှ အများဆုံး (၁၅) နှစ် အထိဆိုသည့် စကားရပ်အစား အနည်းဆုံး (၅)နှစ် မှ အများဆုံး (၇)နှစ် အထိ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၃ -

၃။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၄ တွင်ပါရှိသော ထောင်ဒဏ် (၅)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဆိုသည့် စကားရပ်အစား ငွေဒဏ် ကျပ်သိန်း(၅၀)မှ ကျပ်သိန်း(၁၀၀)အထိ ချမှတ်ရမည်။ ငွေဒဏ် မဆောင်ပါက ထောင်ဒဏ် အနည်းဆုံး (၁)နှစ်မှ အများဆုံး (၃)နှစ်အထိ ချမှတ်ရမည် ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၃ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၄ -

၄။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၅ တွင် ပါရှိသော ထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဆိုသည့် စကားရပ်အစား ငွေဒဏ် ကျပ်(၁၀)သိန်းမှ ကျပ်သိန်း(၅၀)အထိ ချမှတ်ရမည်။ ငွေဒဏ် မဆောင်ပါက ထောင်ဒဏ်အနည်းဆုံး (၆)လမှ အများဆုံး(၁)နှစ်အထိ ချမှတ်ရမည်ဆိုသည့် စကားရပ်နဲ့ အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၅ -

၅။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၆ တွင် ပါရှိသော ထောင်ဒဏ် (၁)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဆိုသည့် စကားရပ်အစား ငွေဒဏ်ကျပ်(၁)သိန်းမှ ကျပ်(၃)သိန်းအထိ ချမှတ်ရမည်။ ငွေဒဏ်မဆောင်ပါက ထောင်ဒဏ်(၃)လအထိ ချမှတ်ရမည်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၅ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၆ -

၆။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၇ တွင်ပါရှိသော ထောင်ဒဏ် (၁)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည် ဆိုသည့် စကားရပ်အစား ငွေဒဏ် ကျပ်(၁)သိန်းမှ ကျပ်(၃)သိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ် (၃)လအထိ ချမှတ်ရမည်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၆ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆ သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။

ပြည်သူ့လွှတ်တော်၏ ပယ်ဖျက်ချက် -

အပိုဒ် ၇ နှင့် ၈ ပြည်သူ့ လွှတ်တော် က အပိုဒ် ၇ နှင့် ၈ တို့ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇ နှင့် ၈ ပယ်ဖျက်ချက် အတည်ဖြစ်သည်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အာလုံး ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၀း၅၀) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၀၅) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ကျင်းပတော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် မေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်မပြ မေးခွန်းများနှင့် ပထမပုံမှန်မှ ဆဋ္ဌမပုံမှန်အထိ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန် ကြယ်ပွင့်ပြမေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်

များမှ မေးမြန်းခဲ့သည့် မေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်မပြ မေးခွန်းများနှင့် ပထမပုံမှန်မှ ဆဋ္ဌမပုံမှန်အထိ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန် ကြယ်ပွင့်ပြမေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၁။**

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။

ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် မေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ မေးခွန်းတွေနဲ့ ပတ်သက်ပြီးတော့ ပထမပုံမှန်ကနေပြီးတော့ ဆဋ္ဌမပုံမှန်အထိ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် ကျန်တဲ့ ကြယ်ပွင့်ပြ မေးခွန်းများ၊ အဆိုများနှင့် ပတ်သက်တဲ့ အစီရင်ခံစာအပေါ်မှာ အစီရင်ခံစာရဲ့ သုံးသပ်တင်ပြချက်နဲ့ အကြံပြုချက်များကို ထောက်ခံဆွေးနွေးရင်း ပကတိရှိနေတဲ့ အခြေအနေတစ်ရပ်ကို တင်ပြပြီး အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကော်မတီရဲ့ အစီရင်ခံစာမှာ လေ့လာကြည့်တဲ့အခါမှာ ကျွန်တော်တို့ သက်ဆိုင်ရာကော်မတီများကနေပြီးတော့ ပြည်ထောင်စုအဆင့်များ ကတိဖြစ်ပေါ်ခဲ့တဲ့ မေးခွန်းတွေ အဆိုတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် သတ္တမအကြိမ် ကြယ်ပွင့်ပြ မေးခွန်းများနဲ့ပတ်သက်ပြီးတော့ ကတိဖြစ်ပေါ်ခဲ့တဲ့ (၆၄)ခု ရှိတဲ့အနက်က ဆောင်ရွက်ပြီးစီးတာ (၁၂)ခုပဲရှိပြီးတော့ ဆောင်ရွက်ဆဲက (၅၂)ခုရှိကြောင်း အစီရင်ခံစာမှာ ပါရှိပါတယ်။ နောက် သတ္တမပုံမှန်အစည်းအဝေးရဲ့ အဆို(၁၂)ခု ရှိတဲ့အနက်မှာ ဆောင်ရွက်ပြီးစီးတာ (၅)ခုပဲရှိပြီးတော့ ဆောင်ရွက်ဆဲ(၇)ခု ရှိနေတာကို တွေ့ရပါတယ်။

နောက် ကြယ်ပွင့်မပြမေးခွန်းများနဲ့ပတ်သက်ပြီးတော့ ကတိဖြစ်ခဲ့တာ (၁၂၉)ခု ရှိခဲ့တဲ့နေရာမှာ ဆောင်ရွက်ပြီးစီးတာ (၃၂)ခုနဲ့ ဆောင်ရွက်ဆဲ (၉၇)ခုရှိတာ တွေ့ရပါတယ်။ အဲဒီအပြင် ပထမအကြိမ်ကနေစပြီးတော့ ဆဋ္ဌမအကြိမ်အထိ အစည်းအဝေးများမှာ မေးခဲ့တဲ့ မေးခွန်းပေါင်း(၁၉၃)ခုအနက်မှာ ဆောင်ရွက်ဆဲ ဆောင်ရွက်ရန် ကျန်တာ (၂၈)ခုရှိကြောင်း တွေ့ရပါတယ်။ အဲဒီလို တွေ့ရပြီးတဲ့အခါမှာ ကျွန်တော်တို့ ကော်မတီရဲ့ သုံးသပ်ချက်မှာ သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပြည်ထောင်စုအဆင့်က လာရောက်ဖြေကြားတဲ့ အဖြေတွေမှာ လတ်တလော ဘတ်ဂျက်နှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိသကဲ့သို့ အချို့မှာ လာမယ့် (၅)နှစ်စီမံကိန်းဘတ်ဂျက်များမှာ ထည့်သွင်းလျာထား ဆောင်ရွက်ရတာများလည်းရှိတဲ့အတွက် သက်ဆိုင်ရာ ဘတ်ဂျက်မှာ ပါဝင်ခြင်း ရှိ၊ မရှိ။ လွှတ်တော်ကိုယ်စားလှယ်များကလည်းပဲ ထပ်မံနှိုးဆော်သတိပေးရန် လိုအပ်တယ်လို့ ထောက်ပြထားတာ တွေ့ရပါတယ်။ ဒီလို ထောက်ပြထားတဲ့အပြင်ကို ကော်မတီကလည်းပဲ မိမိတို့ရဲ့ ကတိကဝတ်အပေါ်မှာ မူတည်ပြီး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဘတ်ဂျက်မှာ ပါဝင်ခြင်း မရှိတဲ့ မေးခွန်းတွေနဲ့ပတ်သက်ပြီး ဆက်ပြီးတင်ပြထားတာ တွေ့ပါတယ်။ အဲဒီထဲမှာ ကျွန်တော် မေးခဲ့တဲ့

မေးခွန်းလည်း ပါနေပါတယ်။ ကျွန်တော် မေးခဲ့တဲ့ မေးခွန်းကတော့ စတုတ္ထအကြိမ် ပုံမှန်အစည်းအဝေးမှာ ကျွန်တော် မေးခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော် မေးခဲ့တဲ့ မေးခွန်းတုန်းက တောင်တွင်းကြီးမြို့နယ်မှာရှိတဲ့ ခုတင်(၅၀)ဆံ့ဆေးရုံကို စနစ်သစ်ခုတင်(၅၀)ဆံ့ဆေးရုံ စံကိုက်ဖွဲ့စည်းပုံအင်အား တိုးမြှင့်ပေးဖို့ အစီအစဉ် ရှိ၊ မရှိ မေးခဲ့တာ ဖြစ်ပါတယ်။

အဲဒီမေးခဲ့တဲ့အခါတုန်းက ကျွန်တော်တို့ ၁၉၃၅ ခုနှစ်ကတည်းက တည်ရှိခဲ့တဲ့ တောင်တွင်းကြီး ခုတင်(၅၀)ဆံ့ဆေးရုံက စနစ်ဟောင်းဖြစ်ပြီးတော့ စနစ်သစ်ဖြစ်တဲ့ အောင်လံခုတင်(၅၀)နဲ့ ညှိလိုက်တဲ့ အခါမှာ ဆရာဝန်အင်အားက (၆)ယောက်နဲ့ (၁၄)ယောက် အဲဒီလို ကွာနေတယ်။ မြို့နယ်မှာရှိတဲ့ မြို့ရဲ့ လူထုရဲ့ အင်အား၊ ဆေးရုံကို အသုံးပြုနိုင်တဲ့ အနေအထား အားလုံးကို Power Point တင်ပြပြီးတော့ ဆွေးနွေးမေးမြန်းခဲ့တာဖြစ်ပါတယ်။ အဲဒီလိုမေးမြန်းခဲ့တဲ့ အနေအထား မျိုးမှာ တကယ်တော့ အခြေခံ ကျွန်တော်တို့ မဲဆန္ဒရှင် ပြည်သူများရဲ့ကိုယ်စား ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခဲ့တာလည်း ဖြစ်ပါတယ်။

အဲဒီလို မေးမြန်းခဲ့တဲ့ အခြေအနေနဲ့ တကယ်ရှိလာခဲ့တဲ့ ပေါ်ပေါက်လာခဲ့တဲ့ အခြေအနေမျိုးကို သုံးသပ်ပြီး တင်ပြသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးဖို့ရာအတွက် ကျွန်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့ ၇-၈-၂၀၁၂ ရက်နေ့မှာ ကတည်းက ကျွန်တော် တင်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော် မေးခွန်း မေးမြန်းခွင့်ရခဲ့တာ ၃၀-၈-၂၀၁၂ ရက်နေ့ စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၃၆)ရက်နေ့မှာမှ ကျွန်တော်တို့ မေးမြန်းခွင့်ရခဲ့ပါတယ်။ အဲဒီလို မေးမြန်းတဲ့အခါမှာ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာဖေသက်ခင် ကိုယ်တိုင်လာပြီးတော့ ဖြေသွားပါတယ်။ ဖြေသွားတဲ့အဖြေက ကျန်းမာရေးဝန်ကြီး ဌာန အနေအထားနဲ့ လက်ရှိ သူတို့ ဆောင်ရွက်နေတာ လုပ်ငန်း(၄)ခု ရှိပါတယ်။ (၁)က ဆေးရုံတွေကို တိုးချဲ့ဖွင့်လှစ်ပေးတာ ဆောင်ရွက်နေပါတယ်။ (၂)က ရှိပြီးသား ဆေးရုံတွေ အဆင့်မြှင့်တာလည်း ဆောင်ရွက် နေပါတယ်။ (၃)က အထူးကုဌာနတွေလည်း တိုးချဲ့ဖွင့်ပေးနေပါတယ်။ (၄)က စံကိုက်မဖြစ်သေးတဲ့ အခုလို ဆေးရုံတွေကို စံကိုက်ဖွဲ့စည်းပုံအပြည့် ဖြစ်အောင်လည်းပဲ ရေးဆွဲပြီးတော့ ဆောင်ရွက်နေပါတယ် လို့ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်တွေ၊ အဲဒါ ဆောင်ရွက်နေပါတယ်လို့ ဖြေကြားသွားပါတယ်။

တစ်ဆက်တည်းမှာပဲ အထူးကုတွေကိုလည်းပဲ ခပ်ကြီးကြီးမြို့နယ် ခုတင်(၅၀)တွေကိုပါ ပေးပို့ လျက်ရှိကြောင်းဆိုပြီး ဖြေကြားသွားပါတယ်။ အဲဒီတုန်းက ကျွန်တော် မေးတာက စံချိန်ကိုက်ဖြစ်ဖို့ရယ် ကျွန်တော်တို့ အရင်တုန်းက တောင်တွင်းကြီးမှာ မီးယပ်နဲ့သားဖွား (OG) ဟာ လက်ထောက်ဆရာဝန် အနေအထားနဲ့ နှစ်ကြိမ်ဝင်ရောက်ခဲ့ဖူးပြီးနောက် အခု မရှိတဲ့အတွက် ကျွန်တော်တို့ မီးဖွား၊ ကိုယ်ဝန်သည် တွေ အနေအထားနဲ့ ဘယ်လိုအခက်အခဲ ဖြစ်နေတယ်ဆိုတာရယ် ကျောင်းကျန်းမာရေး လုံးဝမရှိသေးတဲ့ အတွက် ကျောင်းတွေမှာ အခက်အခဲရှိတယ် ဆိုတဲ့ကိစ္စတွေ ကျွန်တော် တင်ပြပြီးမေးခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့လည်းပဲ ခုတင်(၅၀)ဆံ့ဆေးရုံတွေကိုလည်း ခပ်ကြီးကြီးမြို့နယ်တွေမှာ အထူးကု တွေ ပေးနေပါတယ်လို့ ဝန်ကြီးက ဖြေသွားပါတယ်။ အဲဒီတော့ တောင်တွင်းကြီးမြို့ရဲ့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံကိုလည်းပဲ လုပ်ငန်းလိုအပ်ချက်လည်း ရှိတယ်။

ဒါကြောင့်မို့လို့ ၂၀၁၃-၂၀၁၄ ရွှေ့လာမယ့် ဘဏ္ဍာနှစ်အတွင်းမှာ စံကိုက်ဖွဲ့စည်းပုံ ပြင်ဆင် ပေးမယ် ဖြစ်တဲ့အကြောင်း စီစဉ်ဆောင်ရွက်ပေးမယ် ဖြစ်တဲ့အကြောင်း တင်ပြလိုပါတယ်လို့ ဖြေကြားသွား ပါတယ်။

အဲဒီတော့ ဥက္ကဋ္ဌကြီးရဲ့ ညွှန်ကြားချက်တိုင်းပဲ ကော်မတီတွေရဲ့ ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်လို့ မဲဆန္ဒနယ်မြေတွေ ရောက်တဲ့အခါ ကျွန်တော် ရှင်းလင်းရပါတယ်။ ရှင်းလင်းတဲ့အခါ ကျွန်တော်တို့ ဒီရှင်းလင်းချက်နဲ့ပဲ အခြေခံပြည်သူတွေကို ပြောထားပါတယ်။ အဲဒီတော့ မြို့မှာရှိတဲ့ ဒီမြို့မိမြို့ဖတွေကလည်း ဒီလို သတင်းကြားတဲ့အတွက် မျှော်လည်းမျှော်လင့်ပါတယ်။ ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်ကြပါတယ်။ ဒါပေမယ်လို့ ၂၇-၂-၂၀၁၃ ရက်နေ့ ရောက်တဲ့အထိ ဘာမှ ထူးခြားချက် မရှိသေးဘူးလို့ ကျန်းမာရေးဌာနက သိရပါတယ်။ အဲဒီလိုသိရတဲ့အတွက်ကြောင့်မို့လို့ ကျန်းမာရေးမြှင့်တင်မှုကော်မတီ ပြည်သူ့လွှတ်တော်ကို ကျန်းမာရေးဝန်ကြီးဌာနရဲ့ စီမံကိန်းလျာထားချက်မှာ ထည့်သွင်းလျာထားပေးရေး စီစဉ်ဆောင်ရွက်ပေးဖို့ ဆိုပြီးတော့ ကျွန်တော်တို့ ကျန်းမာရေးမြှင့်တင်မှုကော်မတီကို ၂၇-၂-၂၀၁၃ ရက်နေ့မှာ စာတင်ပေးခဲ့ပါတယ်။

အဲဒီနောက် ဘတ်ဂျက်တင်ပြတဲ့အထဲမှာ ပါလာတာ မတွေ့ရတဲ့အတွက် ကျန်းမာရေးဝန်ကြီး လာတဲ့အခါမှာ ကျွန်တော် ဝန်ကြီးကို တိုက်ရိုက်မေးပါတယ်။ ဒါနဲ့ ပတ်သက်လို့ ဘတ်ဂျက်တင်ပြတဲ့အထဲမှာ မတွေ့ပါဘူး။ ဝန်ကြီး အဲဒါ ဘယ်အခြေအနေ ရှိပါသလဲမေးတော့ ဝန်ကြီးက ဝန်ထမ်းဖွဲ့စည်းပုံသာ ဖြစ်လို့ ဘတ်ဂျက် တင်ပြစရာ မလိုလို့ မပါတာပါလို့ ကျွန်တော့်ကို ဖြေသွားပါတယ်။ ဒါကြောင့် ကျွန်တော် ဆက်စောင့်ပါတယ်။ တစ်ခါ ၂၅-၆-၂၀၁၃ ရက်နေ့ရောက်တဲ့အထိ ဘာမှထူးခြားချက် မကြားရသေးတဲ့ အတွက် သတ္တမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့မှာ ကျန်းမာရေးက ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် လာတဲ့အခါ ထပ်မံမေးမြန်းပြီး သတိပေးပါတယ်။

အဲဒီအခါမှာ ဒုဝန်ကြီးက ဘာဖြေလဲဆိုတော့ ယခုနှစ်အတွင်း စီစဉ်ထားပါကြောင်း သုံး၊ လေး လအတွင်း အကောင်အထည်ဖော်မည်ဖြစ်ကြောင်းနဲ့ နောက်ထပ် မေးစရာ မလိုပါဘူး။ စိတ်ချပါလို့ ကျွန်တော့်ကို ဖြေကြားသွားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ဆက်ပြီးတော့ စောင့်ဆိုင်းပါတယ်။ အဲဒါနဲ့ အဋ္ဌမပုံမှန်အစည်းအဝေး ၂၁-၁၀-၂၀၁၃ ရက်နေ့ ရောက်တဲ့အထိလည်း ဘာမှထူးခြားချက် မရှိလာတဲ့ အတွက် ကျွန်တော်က နောက်ဆုံး ဝန်ထမ်းအင်အား တိုးမြှင့်ဆောင်ရွက်ပေးမှုမှာ ဘယ်အဆင့်ကို ရောက်ရှိနေပြီဖြစ်ကြောင်းနဲ့ ဝန်ထမ်းတွေတိုးချဲ့ပေးမယ်ဆိုရင် လိုအပ်လာမယ့် ဝန်ထမ်းအိမ်ရာတိုးချဲ့ ဆောက်လုပ်ရန် အစီအစဉ် ရှိ၊ မရှိ ဆိုပြီးတော့ ကျွန်တော် ကြယ်ပွင့်ပြမေးခွန်းကို ၂၁-၁၀-၂၀၁၃ ရက်နေ့၊ ရက်စွဲနဲ့ ကျွန်တော် တင်ခဲ့ပါတယ်။

အဲဒီကြယ်ပွင့်ပြမေးခွန်းဟာ ကြယ်ပွင့်မပြမေးခွန်းအဖြစ် ပြောင်းလဲပြီးတော့ ၈-၁၁-၂၀၁၃ မှာ ဝန်ကြီးဆီကနေပြီးတော့ ပြန်ကြားစာကို ကျွန်တော်ရရှိပါတယ်။ အဲဒီလို ပြန်ကြားစာရရှိတဲ့အခါမှာ အခုဒီလို ကျွန်တော် တင်ပြဆွေးနွေးဖို့ရာအတွက် အဓိကအကြောင်း ဖြစ်လာရခြင်း ဖြစ်ပါတယ်။ ပြန်ကြားစာမှာ အပိုဒ်(၂)ပိုဒ် ပါ ပါတယ်။ ပထမအပိုဒ်မှာ ရေးသားပြန်ကြားချက်မှာက စံကိုက်ဖွဲ့စည်းပုံ ပြင်ဆင်ရေးအတွက် ၂၂-၁၀-၂၀၁၃ ရက်နေ့မှာ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနဲ့ ဘဏ္ဍာရေး ဝန်ကြီးဌာနတို့ ပေးပို့ညှိနှိုင်းပြီး ဖြစ်ပါတယ်လို့ပဲ ပြန်လာပါတယ်။ ဒါကို ဝန်ကြီးဌာနကို ပေးပို့ညှိနှိုင်း ပါတယ်လို့ပဲ ပြန်လာပါတယ်။

ဒုတိယအပိုင်းနဲ့ ပတ်သက်ပြီးတော့၊ ဝန်ထမ်းအိမ်ရာပိုင်းနဲ့ ပတ်သက်ပြီးတော့လည်းပဲ ဘယ်လို ပြန်လာလဲဆိုတော့ ဝန်ထမ်းအိမ်ရာတိုးချဲ့ ဆောက်လုပ်ရန်အတွက် မြို့နယ်များမှ အထောက်အကူပြု ကော်မတီများဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ မြို့နယ်များအတွင်း လိုအပ်ချက်များအား မြို့နယ်အုပ်ချုပ်ရေး

အဖွဲ့၊ အထောက်အကူပြုအဖွဲ့၊ ကျန်းမာရေးဦးစီးဌာနတို့နဲ့ ညှိနှိုင်း၍ ဒေသန္တရစီမံကိန်းများတွင် ထည့်သွင်းလျာထားရေး ဆောင်ရွက်သင့်ပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက တင်ပြလာတဲ့ ဒေသန္တရစီမံကိန်းများနဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ကဏ္ဍအလိုက် စီမံကိန်းများကို စီမံကိန်းကော်မရှင်နဲ့ ဘဏ္ဍာရေးကော်မရှင်တို့တွင် တင်သွင်းညှိနှိုင်းပြီး လွှတ်တော်ရဲ့ အတည်ပြုချက် ရရှိပါက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆိုပြီးတော့ အပိုဒ်(၂) ပိုဒ်ခွဲပြီး ဖြေကြားလာပါတယ်။

အဲဒီအခါမှာ ဒါကို ကျွန်တော်တို့ ဒီဖြေကြားချက်ကို ပြန်ကြည့်လိုက်တဲ့အခါမှာ အင်မတန်အံ့သြစရာကောင်းတာ သွားတွေ့ရပါတယ်။ တကယ်တော့ ဝန်ကြီး က ကျွန်တော်တို့ လွှတ်တော်ရဲ့ရှေ့မှာ လာပြီးတော့ ၂၀၁၃-၂၀၁၄ မှာ ဆောင်ရွက်ပေးပါမယ်လို့ ကတိပြုဖြေကြားသွားတဲ့နေ့က ၃၀-၈-၂၀၁၂ ရက်နေ့မှာ ဖြစ်ပါတယ်။ ဘယ်လိုလုပ်ငန်းတွေကို ဆောင်ရွက်နေပါပြီလို့ လုပ်ငန်း(၄)ခုကို ဖော်ပြပြီး လုပ်ပိုင်ခွင့်၊ ဆောင်ရွက်ပိုင်ခွင့် ရှိတယ်ဆိုတဲ့အကြောင်းနဲ့ အတိအလင်းရှေ့က ပြောပြပြီးတဲ့နောက် ၂၀၁၃-၂၀၁၄ ဘတ်ဂျက်မှာ ဆောင်ရွက်ပေးပါမယ်လို့ ဝန်ခံသွားတာ ၂၀၁၂ ခုနှစ်၊ ၈ လပိုင်းပါ။ ဒါကြောင့်မို့လို့ ကျွန်တော် မေးလိုက်တဲ့အခါ၊ ပြန်ဖြေတဲ့အခါကျတော့မှ ဘာပြန်ဖြေတုန်းဆိုတော့ ၂၂-၁၀-၂၀၁၃ ရက်နေ့မှာမှ ညှိနှိုင်းတင်ပြထားပါတယ်လို့ ပြန်ဖြေလာပါတယ်။ (၁)နှစ်နဲ့ (၂)လကျော်ကျော် ဘာမှ မလုပ်ခဲ့ဘူးလို့ အဖြေထွက်လာတာ သွားတွေ့ရပါတယ်။ အဲဒီမှာ ဒီလိုဆိုရင် ဘာစဉ်းစားစရာ ဖြစ်လာလဲဆိုတော့ ၂၅-၆-၂၀၁၃ ရက်နေ့တုန်းက ဒုတိယဝန်ကြီးကို ကျွန်တော် မေးတဲ့အခါမှာ ဒုတိယဝန်ကြီးက ဒီနှစ်အတွင်း ဆောင်ရွက်ထားပါတယ် ဆိုတဲ့ကိစ္စကလည်း ဘာမှ တကယ်တော့ ဆောင်ရွက်ထားခြင်း မရှိဘူးဆိုတဲ့ အဖြေ ပေါ်လာပါတယ်။

နောက်တစ်ခုက ဘာလဲဆိုတော့ ဒီသက်ဆိုင်ရာ ဝန်ကြီးဌာနကို ၂၂-၁၀-၂၀၁၃ ရက်နေ့မှာမှ ညှိနှိုင်းထားပြီး ဖြစ်ပါတယ်လို့ ကျွန်တော်တို့ကို ဖြေလိုက်တော့ ဩော် ဆောင်ရွက်ထားပြီလို့ ယေဘုယျအားဖြင့် ထင်စရာရှိပေမယ်လို့ အံ့သြစရာ ကောင်းတာက နောက်ဆုံး ကျွန်တော်မေးခဲ့တဲ့ ၂၁-၁၀-၂၀၁၃ နောက်ဆုံးမေးခွန်း မေးခဲ့တဲ့ ရက်ရဲ့ နောက်တစ်ရက်ကျမှ သက်ဆိုင်ရာ ဘဏ္ဍာရေးဝန်ကြီးဌာနကို တင်ပြညှိနှိုင်းထားတာကို သွားတွေ့ရပါတယ်။

အဲဒီတော့ ကျွန်တော်က ဘာ သွားတွေ့လဲဆိုရင်၊ ဒီလိုဆိုရင် အခြေခံ ပြည်သူလူထုကို ရှင်းပြတဲ့အခါမှာ လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်ဆဲဖြစ်လို့ ကြန့်ကြာနေရတဲ့ ကိစ္စရပ်မျိုးမှာ ကျွန်တော်တို့ အနေအထားနဲ့ ပြန်ပြီးရှင်းလင်းရတာ အင်မတန်လည်းကောင်းပါတယ်။ ဒါပေမယ်လို့ အခုအခြေအနေက ဆောင်ရွက်ဆဲ မဟုတ်ဘဲနဲ့ မဆောင်ရွက်ဘဲ ကြန့်ကြာနေတဲ့ အနေအထားမျိုးတွေ မဖြစ်သင့်ဘူးလို့ ကျွန်တော့်အနေနဲ့ သုံးသပ်ပြီးတော့ အကြံပြုတင်ပြခြင်း ဖြစ်ပါတယ်။

ဒီအစီရင်ခံစာရဲ့ အပိုဒ် ၈ မှာ ကျွန်တော်မေးထားတဲ့ မေးခွန်းနဲ့ ပတ်သက်လို့ အစီရင်ခံစာမှာ ဘာဖော်ပြထားလဲဆိုရင် မေးခွန်းနဲ့စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများအရ စိစစ်ဆောင်ရွက်လျက်ရှိသဖြင့် ကြန့်ကြာနေရခြင်း ဖြစ်ကြောင်း၊ ပြန်လည်ဖြေကြားချက်အပေါ်မှာ မူတည်ပြီး အဲဒီလိုပဲ ကျွန်တော်တို့ သုံးသပ်ထားတာ တွေ့ရပါတယ်။ ဒါ တကယ်တမ်းကျတော့ လုပ်ထုံးလုပ်နည်းအရ ကြန့်ကြာတာ မပြောလိုပါဘူး။ တကယ်တော့ လုပ်ထုံးလုပ်နည်းအရ စိစစ်ဆောင်ရွက်လို့ ကြန့်ကြာနေတယ်ဆိုရင် ကျွန်တော်တို့ ဘာမှ အငြင်းပွားစရာလည်း အကြောင်းမရှိပါဘူး။ အခုလက်ရှိ

ပြန်ဖြေလာတဲ့ အခြေအနေမျိုးအရ လုပ်ထုံးလုပ်နည်းနဲ့ ဆောင်ရွက်ထားတာမဟုတ်ဘဲနဲ့ ဒီစီစဉ်ဆောင်ရွက်ရမယ့် လုပ်ငန်းရပ်ဟာ ဆောင်ရွက်ဆဲ အနေအထားနဲ့ မဟုတ်ဘဲနဲ့၊ မဆောင်ရွက်ဘဲနဲ့ ကြန့်ကြာနေတဲ့ အနေအထားမျိုးကို ကျွန်တော်သွားပြီးတွေ့ရတဲ့အခါ တမင်ရည်ရွယ်တယ်လို့ ကျွန်တော်တို့ မဆိုလိုသော်လည်းပဲ နောက်ဆုံး ဒီအဖြေကို ရလာတဲ့အခါမှာ ကျွန်တော်တို့ အခြေခံပြည်သူတွေနဲ့ ကျွန်တော်တို့က ဒီ တစ်နှစ်ကျော်ကျော် လုံးလုံးကြီး အလိမ်အညာ ခံနေရတယ်လို့ ခံစားစရာ ပေါ်ပေါက်လာတဲ့ အနေအထားမျိုး ရှိပါတယ်။

အဲဒီတော့ အောက်ခြေမှာက ကျွန်တော်တို့ ဘယ်လိုဖြစ်နေသလဲ ဆိုတော့ တကယ်တမ်း ဒီလို အဆင့်မြင့် စံချိန်ကိုက် ဖြစ်လာတော့မယ်ဆိုတာကို မြို့လူထုက အင်မတန် ကြိုဆိုပါတယ်။ ကြိုဆိုတဲ့အတွက် မြို့လူထုကလည်း ဘာလုပ်လဲဆိုတော့ အကယ်၍များ အဲဒီလို စံချိန်ကိုက် ခုတင်ဆေးရုံအဖြစ် အင်အားတွေ တိုးချဲ့လာမယ်ဆိုရင် ဆေးရုံအတွက် အဆင်သင့်ဖြစ်ရအောင် ဆိုပြီးတော့၊ မြို့လူထုက နေပြီးတော့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရဲ့ မတည်လှူငွေ သိန်း(၈၀)နဲ့ မြို့လူထု ပူးပေါင်းပြီးတော့ (၁၃၃)သိန်း အကုန်အကျခံပြီး ဆေးရုံမှာ ကိုယ်ပိုင် Transformer နဲ့ ကိုယ်ပိုင် လျှပ်စစ်မီးလိုင်းရအောင် ဆောင်ရွက်ထားလို့ မီးလည်းလင်းနေပြီ ဖြစ်ပါတယ်။ မျှော်လည်း မျှော်လင့်နေကြတဲ့ အနေအထားမျိုးမှာ ရှိပါတယ်။ ဒါကြောင့်မို့လို့ နောက်ဆုံး ဒီအဖြေရလာတဲ့အခါကျတော့မှ ဒီတစ်နှစ်လုံးလုံးမှာ ကတိသာ ပေးထားတယ်၊ ဘာမှ ဆောင်ရွက်ထားတာ မရှိဘဲနဲ့ နောက်ဆုံးမေးခွန်းကျတော့မှ အခုလို ဖြေကြားလာတာဟာ အံ့သြစရာကောင်းတာကို သွားတွေ့ရပါတယ်။

နောက် ဒုတိယအပိုင်းပါ။ အဲဒါ ဝန်ထမ်းအိမ်ရာနဲ့ ပတ်သက်လို့ တကယ်တော့ ဝန်ကြီးဌာနက ဒီလိုဆရာဝန်တွေ တိုးပေးမယ်ဆိုရင် ဆရာဝန်တွေ တိုးပေးဖို့ လိုအပ်မယ့် စီမံကိန်းတွေဟာ ဘတ်ဂျက်တွေထဲမှာ ထည့်သွင်းဖော်ပြရမယ့် အနေအထားမျိုးတွေ ရှိပါတယ်။ ဒါပေမယ်လို့ အဲဒါ မဖော်ပြဘဲနဲ့ အခုကျတော့ တကယ်လို့ အဲဒီလို ဝန်ထမ်းအိမ်ရာ လိုချင်ရင် ကျွန်တော်တို့က အောက်ခြေမှာ မြို့နယ် အထောက်အကူပြုကော်မတီတွေ ဖွဲ့ပြီးသားဖြစ်တဲ့အတွက်ကြောင့် မြို့ထောက်ကော်မတီတွေကနေ ပြန်ပြီးတော့ လုပ်မှပဲ ရမယ်ဆိုတဲ့အခါမှာ ဘာစဉ်းစားမိသလဲ ဆိုတော့ ကျွန်တော်တို့ လွှတ်တော်ကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍဟာ မြို့ထောက်ရဲ့ အခန်းကဏ္ဍလောက်တောင်မှ အခြေခံပြည်သူတွေကို အကျိုးပြုပေးနိုင်တဲ့အင်အား မရှိပေဘူးလားလို့ မေးခွန်း မေးစရာလည်း ပေါ်လာတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။

အဲဒီတော့ တကယ်ဆိုရင် ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ဘတ်ဂျက်တုန်းကလည်း ကျွန်တော် တင်ပြခဲ့တယ်။ အခု အံ့သြစရာကောင်းတာက အခု ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘတ်ဂျက်ရဲ့ ကျန်းမာရေး ဝန်ကြီးဌာနရဲ့ စီမံကိန်းကို ပြန်ကြည့်တဲ့ အခါကျတော့လည်း အခုအချိန်အထိ အဲဒီစီမံကိန်း တင်ပြထားတာ မတွေ့ရပါဘူး။ အခု တင်ပြထားတဲ့ ဒီဘတ်ဂျက်စာရင်းတွေမှာလည်းပဲ ဒီ ၂၀၁၄-၂၀၁၅ အထိလည်းပဲ အဲဒီစာရင်းကို ကျွန်တော် ရှာလို့ မတွေ့သေးဘူး ဖြစ်နေပါတယ်။ အဲဒီတော့ လွန်ခဲ့တဲ့ (၂)နှစ်လောက်ကနေ စပြီးတော့ မူလတုန်းက (၆)ယောက်ပဲရှိတဲ့ ဆရာဝန်ကနေပြီး (၁၄)ယောက်များ ရလေမလားလို့ ကျွန်တော်တို့ တင်ပြပြီး၊ ကတိရထားပေမယ်လို့ အခုနောက်ဆုံးအခြေအနေ ပြီးခဲ့တဲ့ (၂)လလောက်ကနေစပြီးတော့ အခု ကျွန်တော်တို့ တောင်တွင်းကြီးဆေးရုံမှာဆိုရင် ဆေးရုံအုပ်တစ်ယောက်ပဲ ရှိပါတော့တယ်။

လက်ထောက်ဆရာဝန်တစ်ယောက် ရောက်လာတာလည်း MSc ပါလို့ ဆိုပြီးတော့ ထွက်သွားပါတယ်။ သွားဆရာဝန်တစ်ယောက်နဲ့ ဆေးရုံမှာ၊ ဆေးရုံအုပ်ကြီးတစ်ယောက်ပဲ ရှိပါတော့တယ်။

အဲဒီတော့ မူလတုန်းက စပြီးတော့ ကျွန်တော်တို့ တင်ပြတဲ့အခါတုန်းကတောင်မှ (၆)ယောက်လောက် ရှိသေးတယ်။ အခု တိုးရမလားလို့ဆိုတဲ့ အနေအထားမျိုးမှာ အခု နောက်ဆုံးအခြေအနေမှာ ဆရာဝန်တစ်ယောက်တည်းနဲ့ ရုန်းနေရတဲ့ အနေအထားမျိုးလည်း ရှိနေတဲ့ အခြေအနေမျိုးတွေ တွေ့ရပါတယ်။ အဲဒီတော့ ဒါနဲ့ ပတ်သက်ပြီးတော့ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်မှာလည်းပဲ တောင်းခံထားတာ အခုအချိန်အထိ မတွေ့ရသေးတဲ့အတွက်ကြောင့် ဒီလိုအခြေအနေမျိုး ပေါ်ပေါက်လာတဲ့ အနေအထားမျိုးမှ ရှောင်ရှားနိုင်ဖို့ရာအတွက် အလေးအနက်၊ ပြီးတော့ ကျွန်တော် အပြန်အလှန် လေးစားမှုနဲ့ အလေးအနက်ထားမှုတွေ ပေါ်ပေါက်လာနိုင်ဖို့ရန်အတွက် နည်းလမ်းရှာဖွေဖို့သင့်ပြီဆိုတဲ့အကြောင်းလည်း အကြံပြုရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၈။**

**ဦးစောအုန်း မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ဦးစွာပထမ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အရိုအသေပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအုန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒီအစီရင်ခံစာဟာ သတ္တမပုံအစည်းအဝေးမှာ ဖြစ်ပေါ်ခဲ့တဲ့ မေးခွန်းနဲ့ အဆိုများ၊ ကြယ်ပွင့်ပြ၊ မပြမေးခွန်းနဲ့ အဆိုများကို စိစစ်ပြီးတော့ လေ့လာသုံးသပ်တဲ့ အစီရင်ခံစာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ အဋ္ဌမပုံမှန်အစည်းအဝေးမှာ ဒီအစီရင်ခံစာကို တင်ပြခဲ့ပေမယ့် အချိန်မပေးနိုင်တဲ့အတွက် အခု နဝမအကြိမ်မှာမှ ဆွေးနွေးခြင်း၊ အတည်ပြုခြင်း လုပ်ဆောင်နိုင်တာ ဖြစ်ပါတယ်။

ပထမ ကျွန်တော့်အနေနဲ့ ကြယ်ပွင့်ပြမေးခွန်း၊ မပြမေးခွန်းများကို ကျွန်တော် သုံးသပ်တင်ပြပါမယ်။ ကျွန်တော်တို့ သတ္တမအကြိမ် ပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်း(၁၃၅)ခု ရှိခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ကတိဖြစ်ပေါ်မှုက(၆၄)ရှိပြီးတော့ ကတိမရတာ (၇၁)ရှိတော့ ကျွန်တော်တို့ ဒါကိုကြည့်မယ်ဆိုရင် ဒီမေးခွန်းတွေကို မေးတဲ့အခါမှာ (၄၇)ရာခိုင်နှုန်းလောက်ပဲ ကတိဖြစ်တယ်ဆိုတာ ဒါဟာ ဘာကြောင့် တစ်ဝက်ကျော်ကျော်လောက်က ကတိမဖြစ်လဲဆိုတာ ကျွန်တော် တို့ရဲ့ သုံးသပ်မှုလိုပါတယ်။ မေးခွန်းမှာလည်း ကျွန်တော်တို့ နှစ်မျိုးနှစ်စားတော့ ရှိပါတယ်။ တစ်မျိုးတစ်စားကတော့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရအဖွဲ့တွေက စီမံခန့်ခွဲတဲ့ ဒီအကြောင်းချင်းအရာတွေ၊ ဒီကနေ့ ဦးဇုန်လှယ်ထန်း မေးသွားတဲ့ မေးခွန်းမျိုးကို အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သိလိုတဲ့အချက်တွေ၊ ဒါတွေ ဖြေရှင်းပေးဖို့၊ ပြောကြားပေးဖို့ ဒီလိုမေးခွန်းမျိုးရှိသလို အများအားဖြင့် မေးခွန်းတွေကတော့ ကိုယ့်ဒေသ၊

ကိုယ့်မဲဆန္ဒနယ်မှာရှိတဲ့ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လမ်းတံတားတွေ၊ ဆည်မြောင်းတွေ၊ စိုက်ပျိုးရေးကိစ္စတွေ စသည် စသည်ဖြင့် ဒီလို ဒီမှာ တင်ပြတောင်းခံတဲ့၊ ကတိဖြစ်တဲ့ မေးခွန်းမျိုးက များပါတယ်။

ဒါကြောင့် ဒီလိုမေးခွန်းအများစုက ဒီလိုကိစ္စဖြစ်ပေမယ့် ဘာကြောင့် ဒီကတိဖြစ်ပေါ်မှု ရာနှုန်းဟာ တစ်ဝက်အောက်ကို ရောက်နေလဲဆိုတော့ ကျွန်တော်တို့ ကော်မတီအနေနဲ့ လေ့လာသုံးသပ်ဖို့ လိုပါတယ်။ ဒီ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနတွေဟာ တာဝန်သိမှု၊ တာဝန်ယူမှု အားနည်းနေလို့လား၊ ဒါလည်း ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မေးခွန်းတွေဟာ နိုင်ငံတော်နဲ့နိုင်ငံသားများ အကျိုးအတွက် မေးနေကြခြင်း ဖြစ်ပါတယ်။ တောင်းဆိုနေကြခြင်း ဖြစ်ပါတယ်။ ဒီဟာကလည်းပဲ ဒီကော်မတီအနေနဲ့ လုပ်နေတာ၊ ဒါ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူရဲ့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုတဲ့ ကြွေးကြော်သံ ဆောင်ပုဒ်နဲ့အညီ ကျွန်တော်တို့ ဒီကော်မတီက ဒါ ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ဒီကော်မတီက အရေးလည်းကြီးသလို ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ Standing Committee အဖြစ် ပြဋ္ဌာန်းပြီးသား ဖြစ်ပါတယ်။

အဲဒီတော့ ဒီကော်မတီရဲ့ လုပ်ဆောင်ချက် ကောင်းရင်ကောင်းသလို ကျွန်တော်တို့နိုင်ငံနဲ့ နိုင်ငံသားများ အကျိုးဖြစ်ထွန်းမှာ ဖြစ်ပါတယ်။ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာကိုလည်း မြှင့်တင်ပေးရာ ဖြစ်သလို ပြည်သူများကလည်း ကျွန်တော်တို့ လွှတ်တော်ကို အားကိုးလာမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာဆိုရင် ကျွန်တော် (၂)ခုကို ယှဉ်တွဲပြီး ပြချင်ပါတယ်။ ကျွန်တော်တို့ ဒီ ပညာရေးဝန်ကြီးဌာန၊ မေးခွန်း (၁၆)ခုမှာ (၃)ခုပဲ ကတိဖြစ်တယ်။ ဒါ ဘာကြောင့်လဲ၊ ကျွန်တော်တို့ အဌမအကြိမ် ဆွေးနွေးပွဲမှာ ကြုံတွေ့ရပါတယ်။ လာဖြေကြားရတဲ့ ပုဂ္ဂိုလ်က ပုံသေနည်းကြီးနဲ့ လာပြီးတော့ ဘာဖြစ်ဖြစ်၊ ဘာမေးမေး၊ ကျောင်း Upgrate လုပ်မယ်ဆိုလို့ ရှိရင်လည်း ဒီအဖြေမျိုးပဲ၊ ဒီအဆောက်အဦ ဆောက်လုပ်ဖို့၊ ကျောင်းဆောင်သစ်တွေ ဘာတွေ ဆောက်လုပ်ဖို့ မေးပေမယ့် ဒီလိုမျိုးပဲ၊ ကျွန်တော်တို့ဟာ တစ်နှစ်မှာ တစ်ကြိမ် အစည်းအဝေးထိုင်တဲ့ အတွက်ကြောင့် ဒါကို ဆောင်ရွက်ပေးဖို့ အစီအစဉ် မရှိဘူးလို့ ဖြေကြားတယ်။

အဲဒီဖြေကြားတဲ့အပေါ်မှာ ကျွန်တော်တို့ လွှတ်တော်ဥက္ကဋ္ဌကြီးက လမ်းညွှန်တည့်မတ်ပေးတာ ရှိပါတယ်။ ဒီလိုတည့်မတ်ပေးတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးအနေနဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားများအကျိုးကို မျှော်ကိုးပြီးတော့ ဖြေကြားတဲ့ပုဂ္ဂိုလ်မျိုးကို တည့်မတ်ပေးခဲ့တာ ရှိခဲ့ပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စား အားလုံးက လွှတ်တော်ဥက္ကဋ္ဌကြီးကို ချီးကျူးလေးစားစွာ ဂုဏ်ယူစွာ ကျွန်တော် ထောက်ခံ အားပေးပါတယ်။

ဒါကြောင့်လည်းပဲ ဒီကနေ့၊ မနေ့ကဆိုရင် ပညာရေးဌာနက တာဝန်ရှိပုဂ္ဂိုလ်က ဖြေကြားသွားတာ မူပြောင်းသွားပါတယ်။ တော်တော်လေး ပြောင်းသွားပါတယ်။ ဒါ ဥက္ကဋ္ဌကြီးရဲ့ ဆောင်ရွက်မှုကြောင့် ဖြစ်ပါတယ်။ အဲဒီတော့ ဒါကိုလည်း ဒီကော်မတီက ဒီသတ္တမအကြိမ်မှာ ဖြစ်ပေါ်တဲ့ဥစ္စာ၊ ဘာ အကြောင်းအရာကြောင့်လဲ ဆိုတာ တင်ပြဖို့လိုပါတယ်။ တချို့ ဒီ ကျွန်တော်တို့ ဝန်ကြီးအဖွဲ့အစည်းတွေကတော့၊ ပြည်ထောင်စု ဝန်ကြီးဌာန အဖွဲ့အစည်းတွေကတော့ ကတိဖြစ်ပေါ်မှု အားကောင်းလာတာကို တွေ့ရပါတယ်။

ဒါကြောင့် ဒီကြယ်ပွင့်ပြမေးခွန်းဖြစ်စေ၊ မပြမေးခွန်းဖြစ်စေ ဖြေကြားတဲ့နေရာမှာ ပေါ့ပေါ့တန်တန် မဖြေကြားဘဲနဲ့ သေချာအလေးအနက်ထားပြီးတော့၊ လေ့လာသုံးသပ်ပြီးမှ ကျွန်တော်တို့ လွှတ်တော်မှာ လာဖြေကြားဖို့ အကြောင်းရှိပါတယ်။ ကျွန်တော်တို့ အဌမအကြိမ် အစည်းအဝေးမှာ ပဲခူးတိုင်းဒေသကြီးက

ဦးဖိုးဇော် က သူ မေးတာရှိပါတယ်။ ဒီအန္တရာယ်ဖြစ်တဲ့ ကျောင်းအဆောက်အဦကို ပြင်ဆင်ပေးဖို့၊ အသစ်ဆောက်ပေးဖို့ အစီအစဥ် ရှိ၊ မရှိ။ အဲဒီမှာလည်းပဲ ဥက္ကဋ္ဌကြီးကလည်း အဲဒီ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်ဖြေသွားပြီးတော့ ဥက္ကဋ္ဌကြီးကလည်းပဲ ပြောပါတယ်။ ဒီလိုအန္တရာယ်ရှိတဲ့ အဆောက်အဦပေါ်လာရင် ဆင်းကြည့်ပြီးတော့ ဒီလိုမှာ အရေးပေါ်ဆောင်ရွက်ဖို့ဘတ်ဂျက်တွေ ဘာတွေ ထားဖို့ရှိပါတယ်။ ကျွန်တော် အခု ဦးဖိုးဇော် ကို မေးကြည့်တဲ့အခါကျတော့ ဒီကျောင်းကို ဒီကနေ့အထိ ဘာမှလာမကြည့်တဲ့ အပြင်ကို ခု ဘတ်ဂျက်မှာလည်း မပါသေးဘူးလို့ ဒါ သိရပါတယ်။

ဒီထက်ဆိုးတာ တစ်ခုရှိပါတယ်။ ကျွန်တော်တို့ မွန်ပြည်နယ်မှာ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)က ဦးဇော်ဝင်း သူက ကြယ်ပွင့်မပြမေးခွန်း မေးပါတယ်။ ကြယ်ပွင့်မပြမေးခွန်း၊ ဒီကျောင်းနဲ့ ပတ်သက်တာပါပဲ။ အန္တရာယ်ရှိတဲ့ အဆောက်အအုံ ကြယ်ပွင့်မပြမေးခွန်း၊ ဖြေသွားတာက ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့မှာ အဲဒါ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဒရိန်းကျေးရွာက မူလတန်းကျောင်း ဖြစ်ပါတယ်။ ဓာတ်ပုံနဲ့တကွ အန္တရာယ်ရှိတဲ့ အဆောက်အဦဖြစ်နေပြီ ဆိုပြီးတော့ မေးပါတယ်။ နောက်ပြီးတော့ ဒီအမှုတွဲလည်း အခြေခံပညာဦးစီးဌာနကို တင်တဲ့ အမှုတွဲလည်း ထည့်ပေးပါတယ်။ ဒါပေမဲ့ ဖြေကြားတာကတော့ ၂၀၁၃၊ ဇွန်လ ၂၈ ရက်နေ့မှာ ဖြေကြားတာကတော့ ကျောင်းသစ်ဆောက်လုပ်ရန် ရန်ပုံငွေခွဲဝေ ဆောင်ရွက်မှု အစီအစဥ် မရှိသေးပါကြောင်း ဖြေကြားပါသည်လို့ ဖြေဆိုပါတယ်။

ဒါ ကြယ်ပွင့်မပြ မေးခွန်းပါ။ အဲဒီ ဖြေပြီးတဲ့ တစ်လမကြာခင် အချိန် မှာပဲ အဲဒီကျောင်းဟာ မြေကြီးပေါ်ကို ပြားပြားဝပ် ပြိုကျသွားပါတယ်။ ကံကောင်းတယ်လို့ပဲ ဆိုရမှာပါ။ ညအချိန် ပြိုသွားလို့ ဖြစ်ပါတယ်။

တကယ်လို့ စာသင်ချိန်မှာ ပြိုတယ်ဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံရဲ့ အနာဂတ်သားကောင်း ရတနာတွေ အများအပြား သေကြေပျက်စီးမှာ ဖြစ်ပါတယ်။ ဒါဟာ ဘာလဲဆိုရင် တာဝန်သိမှု၊ တာဝန်ယူမှု မရှိလို့ ဖြစ်ပါတယ်။ ဒီလိုအထောက်အထား အပြည့်အစုံနဲ့ တင်ပြတဲ့အခါမှာ ပညာရေးဝန်ကြီးဌာနက သူ့ရဲ့အကိုင်းအခက်အလက်တွေ ဥက္ကဋ္ဌကြီး ပြောသလိုပဲ၊ အဆက်အသွယ်တွေ အများကြီး ရှိပါတယ်။ အောက်ခြေကို လှမ်းမေးမှာတို့၊ အောက်ခြေကို သွားစုံစမ်းမှာတို့၊ ဒီလိုဆောင်ရွက်ခဲ့လို့ရှိရင် ဒီလိုကိစ္စမျိုး ဟာ ဖြစ်မှာမဟုတ်ပါဘူး။ ဒါ ကံကောင်းထောက်မလို့ ညအချိန်ပြိုလို့ နေ့အချိန် စာသင်ချိန်သာ ပြိုကျခဲ့ရင် ကျွန်တော်တို့ ကလေးတွေ အားလုံးဟာ သေဖို့ပဲရှိတယ်။ သေကြေပျက်စီးဖို့ပဲ ရှိပါတယ်။ ဒါကြောင့် ဝန်ကြီးဌာနတွေဟာ ဒီက ကျွန်တော်တို့ မေးခွန်းမေးတာကို ပေါ့ပေါ့တန်တန် မဖြေဘဲနဲ့ သေသေချာချာ ဆောင်ရွက်ဖို့ လိုပါတယ်။

ဒါကို ကျွန်တော်က ပြောပြတာပါ။ ဒီတစ်ခုလေးကို ပြောပြတာပါ။ တကယ်လည်းပဲ တချို့ ဝန်ကြီးဌာနတွေက တော်တော်များများ ဂရုစိုက်ပြီးတော့ ကျွန်တော်တို့ရဲ့ မေးခွန်းတွေ၊ အဆိုတွေကို လုပ်ဆောင်နေတာ ရှိပါတယ်။ ဒါက အားနည်းတဲ့ ဝန်ကြီးဌာနတစ်ခုကိုသာ ကျွန်တော် ပြောခြင်း ဖြစ်ပါတယ်။ ဥပမာ ကျွန်တော်ဟာ မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက DGM တစ်ယောက်နဲ့ ခင်မင်ရင်းနှီးတာ ကြာပါပြီ။ ပြန်တွေ့တဲ့အခါကျတော့ သူက ဘာပြောလဲဆိုရင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ က တွဲစောင့်နဲ့ ပတ်သက်ပြီး မေးလိုက်တာ၊ သူတို့မှာ တော်တော် အလုပ်များသွားပါတယ်။ ဦးလှဆွေ မေးတာ၊ တွဲစောင့်တွေဟာ တွဲမစောင့်ဘဲနဲ့ သူ့ရဲ့ တာဝန်ဝတ္တရားကို မလုပ်ဘဲနဲ့ ကျွန်တော်တို့ မတော်တရော်တွေ မဟုတ်မဟတ်ကိစ္စတွေ လုပ်နေတယ်။ ဒါကို တင်ပြတဲ့အခါမှာ သူတို့က ဒီကိစ္စကို

ဒီမေးခွန်းကို သိတာနဲ့ သူတို့က အသွင်ယူပြီးတော့ တွဲစောင့်တွေက တကယ်ပဲ ဒီလိုလုပ်နေသလားဆိုတာကို တော်တော်လေး အချိန်ယူပြီးတော့၊ အလုပ်များခံပြီးတော့ ဆောင်ရွက်ရတယ်လို့ ဆိုပါတယ်။

အဲဒါကြောင့်လည်း အဲဒီအဖြေ လာဖြေတဲ့အခါမှာ တွဲစောင့်ဆိုသူကို အရေးယူခြင်း၊ ဘာခြင်း၊ ဒါဆောင်ရွက်ခဲ့တယ်လို့ ဖြေကြားပါတယ်။ ဒါကြောင့် ဝန်ကြီးဌာန အများစုကတော့ ကျွန်တော်တို့ မေးခွန်းတွေကို သေသေချာချာ လေ့လာသုံးသပ်ပြီးမှ လာဖြေတာကိုလည်း တွေ့ရပါတယ်။ ဒီတော့ကော်မတီတွေနဲ့ စိစစ်ရာမှာ ဒီလိုကိစ္စတွေကို ကျွန်တော်တို့ ဒီလွှတ်တော်မှာ ပေါ်ပေါက်လာတဲ့ မေးခွန်းတွေကို တိတိကျကျ ဆောင်ရွက်တဲ့ ဒီပြည်ထောင်စုအဖွဲ့အစည်းရှိသလို မရေမရာ မသေမချာလာတဲ့ အဖွဲ့တွေလည်း၊ တာဝန်ရှိပုဂ္ဂိုလ်များလည်းရှိတယ် ဆိုတာကို ကျွန်တော်တို့ လေ့လာသုံးသပ်ပြီးတော့ တင်ပြဖို့ လိုပါတယ်။

နောက်တစ်ခု ကျွန်တော် အဆိုနဲ့ပတ်သက်ပြီးတော့ အဆိုကတော့ ကျွန်တော်တို့ လွှတ်တော်ထဲမှာ ဆိုရင်တော့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ နိုင်ငံမှာ တကယ်လိုအပ်နေတဲ့ အချက်အလက်တွေကို လေ့လာသုံးသပ်ပြီးတော့ ကိုယ်စားလှယ်များက တင်ပြခြင်း ဖြစ်ပါတယ်။ ဒီသတ္တမအကြိမ် အစည်းအဝေးမှာတော့ အဆို(၁၂)ခု တင်ပါတယ်။ (၁၂)ခုလုံး အတည် ဖြစ်ပါတယ်။ ဒါဟာ ကောင်းပါတယ်။ အဆိုတွေကို တင်တဲ့အခါကျရင် အဆိုကို တင်တဲ့ ကိုယ်စားလှယ်များကလည်းပဲ သေသေချာချာ လေ့လာသုံးသပ်၍ ကျွန်တော်တို့ နိုင်ငံနဲ့အပ်စပ်တဲ့ ပြည်ထောင်စုအစိုးရက တကယ်ပဲ လုပ်ဆောင်မှုက ပေါ့လျော့နေသလား၊ လိုအပ်နေသလား၊ ဒါတွေလည်း သုံးသပ်ဖို့လိုတယ်။ တချို့အဆိုတွေဆိုရင် မှတ်တမ်းလည်းမတင်၊ အတည်လည်း မပြုဘဲနဲ့ ပျက်ပြယ်သွားတဲ့ အဆိုလည်း (၁)ခု၊ (၂)ခု ရှိခဲ့ဖူးပါတယ်။

နောက်ပြီးတော့ မှတ်တမ်းလောက်နဲ့ပဲ ဒါ ရပ်သွားတဲ့ အဆိုတွေလည်း ရှိပါတယ်။ အတည်ဖြစ်တဲ့ အဆိုတွေလည်း ရှိပါတယ်။ အရေးကြီးတာကတော့ အတည်ဖြစ်တဲ့ အဆိုတွေဖြစ်ဖို့ အရေးကြီးပါတယ်။ ကျွန်တော်တို့ ဦးလှဆွေ ပဲ ပြောရမှာ ဖြစ်ပါတယ်။ ကျွန်တော်လည်းဆွေးနွေးလို့ပါ။ တနင်္သာရီတိုင်းဒေသကြီးမှာ ဆီအုန်းတွေကို စိုက်ဖို့ဆိုပြီးတော့ မြေယူထားပြီးတော့ မစိုက်ဘဲနဲ့ ပစ်ထားလို့ တင်ပြတာ။ ကျွန်တော်လည်း ဒီ ဦးလှဆွေ ရဲ့ အဆိုကို ထောက်ခံဆွေးနွေးတဲ့အခါမှာ ရလဒ်က သမ္မတရုံးဝန်ကြီး၊ ဦးစိုးသိမ်း ကိုယ်တိုင် အဲဒီဒေသတွေကိုသွားပြီးတော့ ပစ်ထားတဲ့ မြေတွေကို ခွဲဝေပိုင်းခြားပြီးတော့ ဆောင်ရွက်တယ်လို့ ကျွန်တော် သိရပါတယ်။ ဒါဟာ ကျွန်တော်တို့ လွှတ်တော်ရဲ့ အားသာချက်ပါ။ ကျွန်တော်တို့ ဒီက ပြောတဲ့ဟာတွေကို နိုင်ငံတော်ကလည်း၊ တာဝန်ရှိပုဂ္ဂိုလ်ကလည်း ထဲထဲဝင်ဝင် ဆောင်ရွက်တယ်လို့ ဒါ ကျွန်တော်တို့ သဘောရပါတယ်။ ဒီအတွက်လည်းပဲ ကျွန်တော်တို့ ပြောရ၊ ဆိုရကျိုး၊ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးရဲ့ ထိန်းကျောင်းမှုအောက်မှာ ကျွန်တော်တို့ ဒီအမျိုးသားလွှတ်တော်ကြီးရဲ့ သွားနေတဲ့ လမ်းကြောင်းဟာလည်း ပြည်သူနဲ့ နိုင်ငံတော်အတွက်၊ နိုင်ငံသားများအတွက် အကျိုးဖြစ်တယ်ဆိုတာ ထင်ရှားစွာ ဖြစ်နေပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော် ပြောရမယ်ဆိုရင်တော့ ဒီမှာတော့ ရှိပါသေးတယ်။ ဒီ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များက ကတိပေးပြီးတော့၊ ကတိဖြစ်ပေမယ့်လည်း မဆောင်ရွက်တဲ့၊ ဘတ်ဂျက်ထဲမပါတဲ့ ဒါလည်း ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်ချက်အတိုင်းပဲ စိစစ်လိုက်တဲ့အခါကျရင် အကြမ်းဖျင်းအားဖြင့် (၈)ခုလောက် တွေ့ရပါတယ်။ ဒါလည်းပဲ ကျွန်တော်တို့ ဒါ ကတိဖြစ်တယ်ဆိုရင် ပြည်ထောင်စုအစိုးရအဖွဲ့ကလည်း

သေချာကို မှတ်သားပြီးတော့ လာမယ့် ဘတ်ဂျက်မှာ ဒါ ဆောင်ရွက်ပေးမယ်။ ဒီလို ဆိုရင်လည်း တကယ် ဆောင်ရွက်ပေးဖို့သိတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဒီကော်မတီမှာရှိတဲ့ ကော်မတီဝင်တွေဟာ ကျွန်တော်တို့ ဒီ နဝမအကြိမ်အစည်းအဝေး မတိုင်ခင်မှာ ကျွန်တော်တို့ ကော်မတီဝင်တွေ မွန်ပြည်နယ် ကိုလာခဲ့ပါတယ်။ ကော်မတီဝင်(၂)ယောက်၊ ဦးပီမောင်စိုးနဲ့ ဦးနှင်းဝေ၊ ကျိုက်မရော က လမ်း (၁)လမ်းကို လာကြည့်သွားတယ်။ ဒါလည်း အတော်ကောင်းတဲ့ အချက်ပါပဲ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့က လွှတ်တော်ထဲမှာ ပြောနေရုံ၊ ဆိုနေရုံ၊ တောင်းဆို နေရုံနဲ့မကဘဲနဲ့ လက်တွေ့ ဒီ ground ကိုလည်း လာကြည့်ပြီးတော့ ဒါ လုပ်၊ မလုပ် တိတိကျကျ စံချိန်စံညွှန်းနဲ့အညီ လုပ်၊ မလုပ် ဒါ ဆောင်ရွက် တယ် ဆိုတာ ပြည်သူတွေလည်း သိသွားတဲ့အတွက်ကြောင့်၊ အထိုက်အလျောက် သိသွားတဲ့အတွက် ကြောင့် ဒါ ကောင်းမွန်ပါတယ်။

ဒီထက်ပိုပြီးတော့ ကျွန်တော် ပြောချင်တာက အဲဒီလို လာဆင်းကြည့်မယ်ဆိုရင် အချိန်ယူ ပြီးတော့ ကျွန်တော်တို့ မွန်ပြည်နယ်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ချိတ်ဆက်ပြီးတော့ ကျွန်တော် ဆိုရင် သထုံမြို့မှာလည်း ခု ဆိုရင် ကော်မတီ၊ အထောက်အကူပြု ကော်မတီတွေ ဘာညာ ကော်မတီ (၄)ရပ် ရှိတယ်။ ဒါတွေနဲ့ ကျွန်တော်တို့ မိတ်ဆက်ပြီးတော့ ကျွန်တော်တို့မှာ ပ.ဆ.င က လုပ်တဲ့လမ်းတွေ၊ ဘာတွေရှိတယ်။ နိုင်ငံတော် စီမံချက်နဲ့လုပ်နေတဲ့ အဆောက်အဦတွေ ရှိတယ်။ ဒါတွေ စံချိန်စံညွှန်း မီ/မမီ ကျွန်တော်တို့ သက်ဆိုင်ရာ ဒေသန္တရအဖွဲ့အစည်းက ပုဂ္ဂိုလ်တွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဒီကော်မတီမှာပါတဲ့ ကိုယ်စားလှယ်တွေနဲ့ ကျွန်တော်တို့နဲ့ ပူးပေါင်းပြီးတော့၊ ဒီလိုတွေ့ဆုံပြီးတော့ ကွင်းဆင်း ပြီးတော့ ဆောင်ရွက်လိုက်မယ်ဆိုရင် ပိုပြီးတော့ ကျွန်တော်တို့ရဲ့ လုပ်ငန်းဟာ အဆင်ပြေချောမွေ့ပါမယ်။ ဒါကြောင့် နောက်နောင် လာလို့ရှိရင် အချိန်လေးယူပေးဖို့ ကျွန်တော်တို့ ကိုယ်စားလှယ်များနဲ့ ထိတွေ့ ပြီးတော့၊ ပေါင်းစပ်ပြီးတော့ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့အားကိုလည်းယူ၊ ဒီက လွှတ်တော်ရဲ့အား ကိုလည်းယူပြီးတော့ ဆောင်ရွက်လိုက်လို့ရှိရင် ကျွန်တော်တို့ရဲ့ ရည်မှန်းချက်၊ ပြည်သူတွေရဲ့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက် ဆိုတဲ့ အခန်းကဏ္ဍဟာ ပီပီပြင်ပြင် ဖြစ်မယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီကော်မတီကြီးက နိဂုံးချုပ်အနေနဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားများအကျိုးကို ဆထက်ထမ်းပိုး၊ ဒီထက် ဆထက်ထမ်းပိုး ပို၍ပို၍ အကျိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ် ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် မေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် ပထမပုံမှန်မှ ဆဋ္ဌမပုံမှန် အထိ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန် ကြယ်ပွင့်ပြမေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသား လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် မေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်မပြ မေးခွန်းများနှင့် ပထမပုံမှန်မှ ဆဋ္ဌမပုံမှန်အထိ ဆောင်ရွက်ဆဲ၊

ဆောင်ရွက်ရန် ကျန် ကြယ်ပွင့်ပြမေးခွန်းများ၊ အဆိုများနဲ့စပ်လျဉ်းတဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်း တို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဦးခင်မောင်ဌေး (အတွင်းရေးမှူး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အနေနဲ့ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့်မေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်မပြ မေးခွန်းများနှင့် ပထမပုံမှန်မှ ဆဋ္ဌမပုံမှန်အထိ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန် ကြယ်ပွင့် ပြမေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်က သဘောတူ လက်ခံရန် အဆိုကို ကျွန်တော် မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒ နယ်မြေအမှတ်(၁၀)မှ ဦးခင်မောင်ဌေး၊ အတွင်းရေးမှူး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန် ခံချက်များ စိစစ်ရေးကော်မတီက ကော်မတီ၏ကိုယ်စား အဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို အတည် ပြုဖို့အတွက် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဒသမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၁း၄၅ နာရီ အချိန်တွင် ရပ်နားပါသည်။]